# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ်(၀၉၈)


# ပြည်တွင်းပြည်ပစိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အခါသမယမှာ တိုင်းရင်းသားအားလုံး၏ တစ်ဦးချင်း၊ တစ်ဦးချင်း အရည်အသွေး၊ စိတ်ဓာတ်တို့သည် များစွာအရေးကြီး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ကရင်အမျိုးသား နှစ်သစ်ကူးနေ့အတွက် ပေးပို့သော သဝဏ်လွှာ

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၁။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့သည် ကရင်နှစ် ၂၇၅၈ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့၊ ကရင်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ် ဂုဏ်ယူတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး မင်္ဂလာနေ့ထူးနေ့မြတ် ဖြစ်ပါသည်။ နှစ်ဟောင်းကုန်ပြီးနောက် နှစ်သစ်ကိုကောင်းကျိုးချမ်းသာ၊ ကောင်းခြင်းမင်္ဂလာအပြည့်ဖြင့် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြိုဆိုနိုင်ကြပါစေကြောင်း ရှေးဦးပထမနှုတ်ခွန်းဆက်သလိုပါသည်။

၂။ ရှေးယခင်ကတည်းက ကရင်တိုင်းရင်းသားများအနေဖြင့် ကောက်သစ်ပေါ်ချိန်တွင် ကောက်သစ်စားပွဲများကို မိသားစုဝင်များ စုံညီစွာဖြင့် ပျော်ပျော်ပါးပါး ကျင်းပလာခဲ့သော အစဉ်အလာနှင့်ကိုက်ညီစွာ ယခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခါသမယတွင်လည်း ကရင်တစ်မျိုးသားလုံး ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းလုံးခြင်း၊ အနာဂတ်အတွက်ကောင်းမွန်စွာမျှော်လင့်ခြင်းများဖြင့် ပြည့်စုံပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၃။ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သစ္စာရှိခြင်း၊ သန္နိဋ္ဌာန်ဖြင့် တိကျပြတ်သားစွာ လုပ်ကိုင်တတ်ခြင်းဆိုသည့် ကရင်တိုင်းရင်းသားဘိုးဘွား ဘီဘင်များ၏ ကောင်းမြတ်သည့် လက်ဆင့်ကမ်းအမွေများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၂၇၅၈ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၄။ ယခုကဲ့သို့သော ကောင်းမြတ်သည့် ဓလေ့စရိုက်များသည် ဒီမိုကရေစီပြည်ထောင်စုကြီး တည်ဆောက်ရန်အတွက် တန်ဖိုးကြီးလှသော အရင်းအမြစ်များဖြစ်ပါသည်။ ပြည်တွင်းပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် အခါသမယမှာ တိုင်းရင်းသားအားလုံး၏ တစ်ဦးချင်း၊ တစ်ဦးချင်း အရည်အသွေး၊ စိတ်ဓာတ်တို့သည် များစွာအရေးကြီးလှပါသည်။ အားလုံးညီညွတ်စွာ စုပေါင်းလိုက်သော အင်အားသည် နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေးအတွက် အထက်မြက်ဆုံး လက်နက်ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်စိမ်းရိုင်းများ သိုလှောင်ထားရှိမှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်စိမ်းသိုလှောင်ရုံအတွင်း ကျောက်စိမ်းရိုင်းများ သိုလှောင်ထားရှိမှုနှင့် ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် လေလံတင်ရောင်းချရန် ကျောက်စိမ်းတွဲများ ဖွဲ့စည်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကျောက်စိမ်းသိုလှောင်ရုံဝင်းအတွင်းရှိ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် ဦးရ ကျောက်မျက်ကုမ္ပဏီ ဆန်ကထန်း(၁)လုပ်ကွက်၏ ပြပွဲတင်ပြရောင်းချရန် ကျောက်စိမ်းရိုင်းများ အတွဲဖွဲ့လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ရတနာတောင်တန်း ကုမ္ပဏီ၏ မက်လင်ချောင်(၂)လုပ်ကွက်မှ ထွက်ရှိသည့်(၁၀၈)တန် ကျောက်စိမ်းတုံးကြီးမှ ဖြတ်တောက်ပြီး ထွက်ရှိလာသော ကျောက်စိမ်းရိုင်းတုံး ၂၈ တုံးကို ထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း၊

*စာမျက်နှာ ၃ ကော်လံ ၆* ◆

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရှိ ကျောက်စိမ်းသိုလှောင်ရုံအတွင်း ကျောက်စိမ်းရိုင်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်




မြန်မာ့အလင်း

# အနာဂတ်ကောင်းမွန်ရေး ထုဆစ်ခြင်း

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၊ အဆင့်အတန်းမြင့်မားရေးအတွက် အခြေခံလည်းကျ၊ အရေးလည်းကြီးသည့် ရင်းမြစ်မှာ ပညာဉာဏ်ကြီးမြင့်သည့်လူသားရင်းမြစ်ဟု ဆိုရပါမည်။ သဘာဝသယံဇာတရင်းမြစ်များ မည်မျှလောက် ပေါများသည်ဖြစ်စေ ကောင်းဆိုးခွဲခြားဝေဖန် ထုတ်ယူသုံးစွဲနိုင်သည့် ပညာဉာဏ်ကြီးသူများမရှိပါက နိုင်ငံဆင်းရဲတွင်းက မတက်နိုင်သည့် သာဓကအဖြစ် မြန်မာနိုင်ငံကိုပင်ကြည့်လျှင် ရမည်ဟု မြင်ပါသည်။

အဆုံးမှာတော့ ပညာဉာဏ်ဟူသည်က အခေါင်အချုပ်ပဲဖြစ်မည်ဟု ထင်၏။ နေ့စဉ် လူမှုဘဝနေထိုင်မှု အဆင့်မြင့်ရေးမှစ၍ ဒုက္ခသံသရာမှ လွတ်မြောက်ရေးအထိ ပညာဉာဏ်ရှိမှုက ဦးဆောင်သည်မဟုတ်ပါလော။

ထို့ကြောင့်ပင် အရွယ်ရောက်သူတိုင်း ပညာမသင်မနေရဟူသည့် အခြေခံစနစ်က နိုင်ငံအတွက် အလွန်အရေးကြီးသည့် ပညာရေးစနစ်ဖြစ်ပါသည်။ ကလေးငယ်များ ပညာစတင်သင်ကြားနိုင်မည့် အရွယ်ရောက်သည်နှင့် ကျောင်းသွားဖို့လိုသည်။ ကျောင်းသွားနိုင်၊ ပညာသင်ကြားနိုင်သည့် ဝန်းကျင်အနေအထားကို ဖန်တီးစီမံပေးဖို့လိုသည်။ သည်လိုအရွယ်ကစ ကျောင်းနေပညာသင်ခြင်းဖြင့် ပညာကို တန်ဖိုးထားတတ်၊ နားလည်တတ်သူများ ဖြစ်လာစေနိုင်ပါမည်။

ကလေးငယ်တို့ ပညာသင်ကြားနိုင်သည့် ဝန်းကျင်သည် စစ်ပွဲများကြားတွင် မဖြစ်နိုင်။ ပညာသင်ကြားရန် နေရာဌာနပီသသည့် စာသင်ကျောင်းများမရှိဘဲ မဖြစ်နိုင်။ စေတနာ ဝါသနာ အနစ်နာဟု ဆိုသည့် နာသုံးနာဖြင့် ကလေးများအတွက် နမူနာယူ စံပြထားရသည့် ဆရာ၊ ဆရာမများ မရှိဘဲ မဖြစ်နိုင်။

စစ်ပွဲများရပ်စဲရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးဆိုသည်က အနာဂတ်ကောင်းမွန်ဖို့ ထုဆစ်ခြင်းဖြစ်ပါသည်။ ကျေးလက်တောရွာအနှံ့ စာသင်ကျောင်းပေါ်ထွန်းရေးသည် အနာဂတ်ကောင်းမွန်ဖို့ ထုဆစ်ခြင်း ဖြစ်ပါသည်။ ဆရာ၊ ဆရာမများ ကလေးငယ်တို့ကို ပြုစုပျိုးထောင် သင်ကြားပြသစေတနာထားဆောင်ရွက်နေခြင်းသည် လောကအားလုံး၏ အနာဂတ်ကောင်းမွန်ဖို့ ထုဆစ်နေခြင်း ဖြစ်ပါသည်။

စာသင်ခန်းများက ကလေးအရွယ်မှစ၍ ဘဝတစ်လျှောက်လုံး နေတတ် ထိုင်တတ်၊ အများနှင့်ပေါင်းသင်းဆက်ဆံတတ်၊ ဇွဲလုံ့လဝီရိယ၏ အရေးပါမှုကို နားလည်တတ်မှုတို့နှင့်အတူ ဖန်တီးနိုင်စွမ်းအားမြင့်မားမှု၊ အနုပညာကို ခံစားတတ်မှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှု၊ သဘာဝတရားနှင့် ပတ်ဝန်းကျင်ကို ချစ်ခင်တန်ဖိုးထားတတ်မှု စသည့်စသည့် အခြေခံဘဝ နေနည်းထိုင်နည်းတို့ကို သင်ယူနိုင်၏။

သို့ဖြစ်၍ ကျောင်းဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးပါ၏။ ကလေးသူငယ်တို့၏ စံပြပုဂ္ဂိုလ်များ ဖြစ်လာရသည့်အတွက် ဆရာ၊ ဆရာမတို့ ကိုယ်တိုင်၏ သီလကိုယ်ကျင့်သိက္ခာပေါ် တန်ဖိုးထားတတ်မှု၊ ကိုယ်ချင်းစာနာစိတ်ရှိမှု၊ ပညာ၏ တန်ဖိုးကို လေးစားတတ်မှု၊ ဘဝအမြင် လောကအမြင်တို့က မည်မျှလောက်အရေးကြီးသည်ကို နားလည်နိုင်ပါမည်။

ထို့ကြောင့် အစိုးရနှင့် ပြည်သူလူထု၏ ကျောင်းဆရာ၊ ဆရာမများ အပေါ်ထားသည့်သဘောထား အားပေးမှု၊ ၎င်းတို့၏ ဘဝများကို ထောက်ထားမှုတို့သည်လည်း အရေးကြီးမည်ဖြစ်ပါကြောင်း။ ။

## ကျောက်ဆည်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်

**ကျောက်ဆည် ဇန်နဝါရီ ၅**

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ရွှေခြံရပ်ကွက်တွင် ယမန်နေ့က အလှူရှင် ဦးကျော်ကျော်-ဒေါ်ခင်မျိုးနွယ် မိသားစုတို့က လှူဒါန်းသည့် အရှည်ပေ ၁၅၀၀ ကျော်ရှိသော ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုး၊ အလှူရှင် ဦးကျော်ကျော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ကျေးရွာတွင်းလမ်းမှာ အရင်က မိုးတွင်းဆိုရင် သွားရလာရတာ အဆင်မပြေဘူး။ အထူးသဖြင့် ဆွမ်းခံကိုယ်တော်တွေ ဆွမ်းခံတဲ့အခါမျိုးတွေအပြင် ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေ သွားရလာရတဲ့အခါမျိုးပေါ့။ အခုတော့ အဲဒီဒုက္ခတွေ မရှိတော့လို့ အလှူရှင်မိသားစုတို့ကို ရပ်ကွက်နေပြည်သူတွေက ကျေးဇူးတင်နေပါတယ်" ဟု ဒေသခံ ဦးပေါက်က ပြောသည်။

ခရိုင် (ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

*ယမန်နေ့မှအဆက်*

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗာဂျီယာ လောင်ကွန်းထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ထူးကဲသည့် အောင်မြင်မှုနှင့်အတူ သာယာဝပြောကြစေရန် မိမိအနေဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား တူညီသည့်သန္နိဋ္ဌာန်များဖြင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည် ဖြစ်ပါသည်။ အဆွေတော်၏ အားတက်သရော ပံ့ပိုးကူညီမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ထိတွေ့ဆက်ဆံမှုများသည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုရှိစွာ အစဉ်အမြဲ နေထိုင်ခဲ့ကြပါသည်။ မိမိတို့အနေဖြင့် ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် ဘာသာတရား အစရှိသည်တို့သာမက နယ်နိမိတ်ချင်းဆက်စပ်နေသည့် အိမ်နီးချင်းများဖြစ်သည့်အတွက် ယှက်နွယ်လျက်ရှိသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို မျှဝေပိုင်ဆိုင်ထားကြသည့်အတွက် ယင်းအချက်ကို အခြေခံလျက် သဘာဝအရတည်ရှိနေသော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ရောက်ရှိခဲ့ကြသည်ကို ဝမ်းမြောက်မိပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့်အတူတကွ လက်တွဲလုပ်ကိုင်သွားရန်နှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နက်နက်ရှိုင်းရှိုင်း ဆောင်ရွက်သွားကြရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ ဘွန်ညံဗိုရာချစ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူများနှင့်အတူ မိမိမှ အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အစဉ်အလာဖြင့် သမိုင်းကြောင်းရှည်လျားစွာ ရှိခဲ့သည့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံ ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ပိုမိုတိုးတက်ခိုင်မာလာလိမ့်မည်ဟု မိမိအနေဖြင့် ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။

၂၀၁၉ ခုနှစ်၏ နှစ်သစ်ကူးအခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် နိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာပြည်သူ/ပြည်သားများအနေဖြင့် သာယာဝပြောမှုများအတွက် အဆွေတော်၏ အားထုတ်မှုများ အောင်မြင်မှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ ငုယင်ဖူးကျောင့်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ ပြီးမြောက်အောင်မြင်ပါစေကြောင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ အနေအထားကို မြှင့်တင်နိုင်ပါစေကြောင်းဖြင့် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပို၍နက်ရှိုင်းခိုင်မာလာသည်ကို မိမိအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကောင်းမွန်သောဆက်ဆံရေးကို အဆင့်သစ်တစ်ရပ်သို့ မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယင်းသို့မြှင့်တင်နိုင်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွားသာမက ဒေသတွင်းနှင့် နိုင်ငံတကာတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် သာယာဝပြောရေးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘရူးနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလတန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယားထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအားလုံးအတွက် နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် လွန်ခဲ့သော (၂၅) နှစ်ကတည်းကပင် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများမှာ နီးကပ်သည့်ချစ်ကြည်ရင်းနှီးမှုများ ရှိခဲ့ကြပါသည်။ ယင်းသို့ တန်ဖိုးကြီးမားသည့် နှစ်နိုင်ငံဆက်ဆံရေးမှတစ်ဆင့် နယ်ပယ်အမြောက်အမြားတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြပါသည်။ အဆိုပါ တန်ဖိုးရှိသည့် ဆက်ဆံရေးမှာ လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဆွစ်ဇာလန်နိုင်ငံ၊ သမ္မတ ယူလီမော်ရီယေးထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆွစ်ဇာလန်နိုင်ငံနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ အေးချမ်းသာယာဝပြောပါစေရန်လည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ခိုင်မြဲသည့် ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ မြန်မာနိုင်ငံအတွက် ဆွစ်ဇာလန်နိုင်ငံက ၂၀၁၉-၂၀၂၃ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်မှတစ်ဆင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများအား ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ဆက်လက်အားပေး ထောက်ခံသွားမည်ဖြစ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ၊ သမ္မတ မီလော့စ်ဇီမန်းထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုသည် ကဏ္ဍပေါင်းစုံ၌ ဆက်လက် ဖွံ့ဖြိုးတိုးတက်နက်ရှိုင်းလာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ထားပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများ အနာဂတ်တွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မိုဟာမက် အဗ္ဗဒူလ် ဟာမစ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်အတူ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် မလိုမုန်းထားမှု မရှိစေရေး မူဝါဒကို မဆုတ်မနစ် ပြတ်သားစွာ ကျင့်သုံးလျက်ရှိပါသည်။ ယင်းမူဝါဒအား စွဲမှတ်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ မိမိတို့နှစ်နိုင်ငံအကြား ပြည်သူများ၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူတန်နိုင်ငံ၊ ဘုရင်မင်းမြတ် ဂျင်မီ ခေဆာ နမ်းဂျဲလ် ဝမ်ချွတ်ထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ် လွတ်လပ်ရေးနေ့ အခါသမယတွင် ဘူတန်ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ဆက်လက်၍ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောစေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

✻ ရှေ့ဖုံးမှ

၅။ ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ ဆိုးကျိုးဒဏ်ရာဒဏ်ချက်များကို ပြင်းထန်စွာခံခဲ့ရသော ကရင်တိုင်းရင်းသားများသည် ငြိမ်းချမ်းရေးကို မဖြစ်မနေ ရယူရန်လိုအပ်ကြောင်းကို လေးနက်စွာနားလည်၊ ယုံကြည်ကြမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်၊ သတ္တိကြီးသော ကရင်တိုင်းရင်းသားများ၏ စွမ်းရည်ကို အထူးအလေးထား အားကိုးပါသည်။

၆။ နောင်နှစ်ပေါင်းများစွာ ကမ္ဘာကြီးတည်ရှိသရွေ့ ရေတွက်၍ မရနိုင်လောက်သော မျိုးဆက်များ စိတ်ချမ်းသာ၊ ကိုယ်လုံခြုံစွာဖြင့် ဘိုးဘွားများ ချမှတ်ခဲ့သော မွန်မြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်စေရန်၊ ယခုကရင်နှစ် ၂၇၅၈ ခုမှာ အရှိန်အဟုန်ဖြင့် စွမ်းဆောင်နိုင်ကြပါစေ၊ ကရင်ပြည်နယ်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဆန်ရေစပါးနှင့်တကွ ဥစ္စာနေပေါကြွယ်ဝကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာ မျှဝေခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းများတောင်းလျက် နွေးထွေးသောမေတ္တာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**

- **အားလုံးညီညွတ်စွာစုပေါင်းလိုက်သော အင်အားသည် နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေးအတွက် အထက်မြက်ဆုံးလက်နက်ဖြစ်**
- **ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်၏ ဆိုးကျိုးဒဏ်ရာဒဏ်ချက်များကို ပြင်းထန်စွာခံခဲ့ရသော ကရင်တိုင်းရင်းသားများသည် ငြိမ်းချမ်းရေးကို မဖြစ်မနေရယူရန်လိုအပ်ကြောင်းကို လေးနက်စွာနားလည်၊ ယုံကြည်ကြမည်သာဖြစ်၊ ထို့ကြောင့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်၊ သတ္တိကြီးသော ကရင်တိုင်းရင်းသားများ၏ စွမ်းရည်ကို အထူးအလေးထားအားကိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မင်းဘူးမြို့နယ်အတွင်းရှိ ကမ်းပါးပြိုကျမှုဒဏ်ခံစားရသော ပြည်သူများနှင့် တွေ့ဆုံ

**မကွေး ဇန်နဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဒဏ် ခံစားရသောနိဗ္ဗာန်ကျွန်းကျေးရွာနှင့် မုန်းကျိုးကျေးရွာများသို့ရောက်ရှိပြီး ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာများ ပြောင်းရွှေ့နေရမှုအခြေအနေ၊ ကြိုတင်ကာကွယ်ရေးအတွက် မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုပြီး **(ယာပုံ)** မင်းဘူးမြို့နယ်ရှိ လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ၂၀၁၃ ခုနှစ်တွင် အိမ်ခြေ ၂၀၀၊ အိမ်ထောင်စု ၂၁၁ စု၊ လူဦးရေ ၉၁၂ ဦး ပြောင်းရွှေ့ခဲ့ရပြီး ယခုအခါ ဧရာဝတီမြစ်နှင့် နိဗ္ဗာန်ကျွန်းကျေးရွာ ရွာသစ်မှာ ပေ ၃၀၀ ခန့်သာ ကွာဝေးတော့သဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် မြစ်ကမ်းပါးပြိုမှုများသည် ၂၀၁၆ ခုနှစ်ခန့်မှစ၍နောက်ပိုင်းတွင် ပိုမိုအဖြစ်များလာသည်ကို တွေ့ရှိရပြီး ကမ်းပြိုမှုကြောင့် လူ့အသက်သေဆုံးမှု၊ အိုးအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုနည်းပါးသော်လည်း စိုက်ပျိုးမြေများ၊ ရွာမြေများ တိုက်စားပါရှိသွားခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်း၊ ပြည်သူလူထု၏ မြေယာ အိုးအိမ်ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကမ်းပြိုမှုဖြစ်စဉ်များအရ တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုတို့တွင် ဖြစ်ပွားခဲ့ပြီး အိမ်ခြေပေါင်း ၁၃၀၀၀ ခန့်ကို ရွှေ့ပြောင်းခံရကာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်း



ဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကမ်းပြိုဘေးကြောင့် ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများကိုထောက်ပံ့ကူညီမှုများ ဆောင်ရွက်နေသကဲ့သို့ ကမ်းပြိုဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ပြာသို (သလေးထိုင်ခေါက်ဖိုး) လဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ကျင်းပသည်။

တိုင်းရင်းသား မျိုးနွယ်စုအလိုက် အသုံးပြုကြသော ရိုးရာဂျပ်ခုတ်စင် အမျိုးမျိုးရှိသည့်အနက် ကရင်တိုင်းရင်းသားတို့သည် ခါးပတ်ဂျပ်ခုတ်ရက်ကန်းစင်ကို အသုံးပြုကြပြီး ချည်မျှင်နှင့် အထည်စက်ကြီးများ ခေတ်မီတိုးတက်လာသော်လည်း တိုင်းရင်းသားရိုးရာ အဝတ်အထည် ရက်လုပ်မှုဆိုင်ရာလုပ်ငန်းများ တိမ်ကောသွားခြင်းမရှိစေရေးနှင့် ပိုမိုရှင်သန်လာစေရေး၊ တန်ဖိုးမဖြတ်နိုင်သော ကရင်ရိုးရာဂျပ်ခုတ် အမွေအနှစ်များ ပျက်စီးပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် ရိုးရာဂျပ်ခုတ်ပညာရပ်ကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြစေလိုသော ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲအား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ကရင်ပြည်နယ်



ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ယနေ့ကျင်းပသည့်ပြိုင်ပွဲမှာ ပထမအကြိမ် ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး နောင်နှစ်များတွင် ယခုနှစ်ထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအရေအတွက်များလာသည်နှင့်အမျှ ပိုမိုထူးခြားဆန်းပြားသည့် ရိုးရာဂျပ်ခုတ်ထည်ဒီဇိုင်းများ ထွက်ရှိလာမည်ဖြစ်ပြီး တစ်နည်းအားဖြင့် ကရင်ရိုးရာအထည်ကို အဆင့်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးမြေးမြစ် နောင်လာနောက်သား အားလုံးကို လက်ဆင့်ကမ်းအမွေ မျှဝေပေးပြီး ပြည်တွင်းဖြစ် ကရင်ရိုးရာဓလေ့ ဂျပ်ခုတ်ထည်များကို တီထွင်စမ်းသစ်မှုများ ဆောင်ရွက်နိုင်ကြပါစေကြောင်း အမှာစကားပြောကြားပြီး ဘားအံမြို့ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်မှ ပြိုင်ပွဲနှင့်ပတ်သက်သော အမှတ်ပေးစည်းမျဉ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲကို ကျင်းပရာ ဘားအံမြို့နယ် တာလဂုဏ်ကျေးရွာ၊ မှိုင်းကံကျေးရွာ၊ အထက်ကော့ရင်းကျေးရွာ၊ ရိုးမဟာကျေးရွာ၊ တောင်ကလေးကျေးရွာ၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးကျေးရွာ၊ လေးတိုင်ကျေးရွာ၊ လှိုင်းဘွဲမြို့နယ် မအဲကျေးရွာနှင့် သံတောင်မြို့တို့မှ ပြိုင်ပွဲဝင်ဂျပ်ခုတ်အဖွဲ့ ၂၄ ဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂျပ်ခုတ်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ **(ဝဲပုံ)** ပြိုင်ပွဲတွင် ဆုရရှိသူများအား ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ကရင်ရိုးရာဂျပ်ခုတ်ထည် တစ်ထည်ဖြစ်ပေါ်လာရန် အချိန် ၁၀ ရက်ခန့်ပေးရကြောင်း၊ ဂျပ်ခုတ်လုပ်ကိုင်သူများသည် သားသမီး ဆွေမျိုးများအတွက်နှင့် သီးသန့်မှာယူသူများအတွက်သာ ဆောင်ရွက်ကြကြောင်း၊ ဈေးနှုန်းအားဖြင့် ငွေကျပ်သောင်းဂဏန်းမှ သိန်းဂဏန်းထိရှိ၍ ရှေးကရင်ဘိုးဘွားဝတ်ဆင်သည့် ကရင်ရိုးရာစစ်စစ် ဂျပ်ခုတ်ထည်အချို့သည် ငွေကျပ် ၁၀ သိန်းနှင့်အထက် တန်ဖိုးရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ ရှေ့ဖုံးမှ

သိုလှောင်ရုံအတွင်းရှိ ကျောက်စိမ်းများ လုံခြုံရေးအတွက် CCTV ကင်မရာအသစ်များ တပ်ဆင်ထားရှိမှုအခြေအနေကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်- တပ်ကုန်း အမှတ် (၁)လမ်း မိုင်တိုင်အမှတ် (၂/၃) အနီး ဖိုးဇောင်းတောင်ကြိုးဝိုင်း အကွက်အမှတ်(၁၇)အတွင်း ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးထားသော အပင်များကိုလည်းကောင်း၊ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် အရိုးဆေးရုံအနီးရှိ ၂၀၁၈ ခုနှစ် မိုးရာသီတွင် ဝါးမျိုးစိတ် ၁၂ မျိုး ရောနှောစိုက်ပျိုးထားသော ဝါးစိုက်ခင်း (၁ ဒသမ ၁၈)ဧက တည်ထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လာမည့် မိုးရာသီတွင် သစ်မျိုးစိတ်များ ထပ်မံထည့်သွင်းစိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟောင်ကောင်-မကာအို မြန်မာကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ ခရီးသွားမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**




ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်း မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ဟောင်ကောင်-မကာအို-မြန်မာကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Dr. Lin Khin Wan နှင့် အဖွဲ့ကို နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် Digital Marketing ကို ဈေးကွက်အလိုက် အစိုးရနှင့် ပုဂ္ဂလိကပိုင်းတို့ အစုအဖွဲ့များစုဖွဲ့၍ အကောင်းအထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအတွင်း ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် Manual စနစ်လျှော့ချရေး၊ စာရင်းအင်းအချက်အလက်များကို စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေး၊ လွယ်ကူလျင်မြန်စွာဖြင့် မျှဝေအသုံးပြုနိုင်ရေး၊ Paper အသုံးပြုမှု လျှော့ချနိုင်ရေးတို့အတွက် သင့်လျော်သော Digital နည်းပညာများဖြင့် ပြောင်းလဲအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ICT ကျွမ်းကျင်ဝန်ထမ်းများ ပိုမိုတိုးတက်လာစေရေးအတွက် လိုအပ်သော သင်တန်းများ ပို့ချရေး၊ Tourism web portal ထူထောင်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုချက်၊ နည်းပညာပံ့ပိုးမှုများ ပေးနိုင်ပါရန်နှင့် ၎င်းအပြင် ဟောင်ကောင်မှ ခရီးသွားအေဂျင်စီများကို မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေရေး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က Digital Marketing နှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဟောင်ကောင်-မကာအို-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Dr. Lin Khin Wan နှင့် GTMH telecom မှ Chief Operation Officer Mr. Derek Hellmons တို့က ခရီးသွားလုပ်ငန်းအတွက် Digital နည်းပညာဖြင့် ခရီးသွားလာရေးကဏ္ဍ မြင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဇရတ်ဆင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး Digital နည်းပညာကိုအသုံးပြု၍ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဟောင်ကောင်၊ မကာအိုဒေသများမှ ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ခရီးသွား မြှင့်တင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၅**

နိုင်ငံတော်အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာပြီး စာရိတ္တနှင့် ပြည်သူ့နီတိ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို စောင့်ထိန်းကာကွယ်နိုင်မည့် အမျိုးသားကောင်း၊ အမျိုးသမီးကောင်းများ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့် ပညာသင်ယူလိုစိတ်၊ ကြိုးစားလိုစိတ် တိုးပွားလာစေရန်၊ အနာဂတ်နိုင်ငံတော်အတွက် လူမှုဘဝပုံစံများကို သိရှိနားလည်မည့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော စွမ်းအားရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ပညာရေးစုံညီပွဲတော်ကို ကျင်းပဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲက လွိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးမိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှုအားပေး

ရှေးဦးစွာ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ် ကယားပြည်နယ်ပညာရေးစုံညီပွဲတော်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေး၊ ကယားပြည်နယ် ပညာရေး ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါး၊ ကျောင်းအကျိုးတော်ဆောင် ဦးလူအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြို့နယ်အလိုက် ပညာရေးဌာနကိုယ်စားပြု ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက "စုံညီပွဲတော်တို့နွဲပျော်" သီချင်းဖြင့် အခမ်းအနား (ဒုတိယပိုင်း) အား ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို့က ယနေ့ပညာရေးကဏ္ဍမှ တာဝန်ရှိသူများအနေဖြင့် ကယားပြည်နယ်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် မိမိအနေဖြင့် မှတ်တမ်းတင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ ပြည်နယ်တစ်ပြည်နယ်၊ မြို့နယ်တစ်မြို့နယ်၊ ကျေးရွာတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကဏ္ဍသည် များစွာအရေးပါပါကြောင်း၊ ကယားပြည်နယ်အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့သည့် ဒေသတွင် ပါဝင်ကြောင်း၊ ယနေ့အထိလည်း အားနည်းချက်များ ရှိနေသေးပါကြောင်း၊ သို့ရာတွင်လည်း အားနည်းချက်များကို အားသာချက်အဖြစ် ပြုပြင်ပြောင်းလဲပြီး ဝန်းရံပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၈ ခုနှစ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းဆုရ ကျောင်းအုပ်ကြီးများ၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဗဟိုအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ တတိယဆုရ ကျောင်းသူ၊ အခြေခံပညာ (ထက်/လယ်/မူ) အဆင့် သန့်ရှင်းသာယာလှပသော ကျောင်း ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်အဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ဆက်လက်၍ လွိုင်ကော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ချိကယ် ကျောင်းသား၊ ကျောင်းသူလေးများက ကယားတိုင်းရင်းသား ကိုးမျိုးအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက ပြည်နယ်အဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးက သင်္ချာ (အိုလံပစ်) အထက်တန်းအဆင့် (ပြိုင်ပွဲ) ဆုရရှိသူများနှင့် မြန်မာစာစွမ်းရည် (ထက်/လယ်/မူ) အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **ထွန်းလေး**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်ထိုမြို့နယ်အတွင်း ရေပေးဝေရေး သောက်သုံးရေကန်များ ကြည့်ရှုစစ်ဆေး

**ကျိုက်ထို ဇန်နဝါရီ ၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးစံနှင့် အစိုးရအဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲ၌ ကျိုက်ထိုမြို့နယ်အတွင်း ရေပေးဝေလျက်ရှိသည့် သောက်သုံးရေကန်များကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် စိန်ပန်းလမ်း မိုးကုတ်ဝိပဿနာ ဓမ္မာရိပ်သာကျောင်းအနောက်ဘက်ရှိ ရပ်ကွက်ရေပေးဝေရေး သောက်သုံးရေကန်ကို ကြည့်ရှုစစ်ဆေးပြီး ယင်းအနီးတွင် ပြည်သူများ သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရန် ရေတွင်းနှစ်တွင်း ထပ်မံတူးဖော်ရန်ကြည့်ရှုကာ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ ကန္နီပိုင်းရှိ ကျေးရွာရေပေးဝေရေး ရေကန်သို့ သွားရောက်၍ သောက်သုံးရေလုံလောက်မှု ရှိ၊ မရှိကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကျေးသီး၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဆင်း

**ကျေးသီး ဇန်နဝါရီ ၅**

ကျေးသီးမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန် အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်က ကျင်းပသည်။

အဆိုပါ အပ်ချုပ်သင်တန်းကို မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး အဓိကရည်ရွယ်ချက်ဖြင့် တစ်လကြာ သင်တန်းနည်းပြနှစ်ဦးက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။ မြို့နယ်အတွင်းရှိ မိုင်းကောင်၊ ပန်ပို၊ နောင်ယုန်း၊ နားကော်၊ ဝမ်ကျောင်း၊ ကောင်းမှူး၊ မိုင်းနင်း၊ ကုန်းညောင်နှင့် ကွန်လုံး စသည့်ကျေးရွာကိုးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဦးစီးမှူး ဦးစိုးမြင့်၊ သင်တန်းထူးချွန်ပထမဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယဆုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခိုင်မြ၊ တတိယဆုကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသိန်းကိုကိုအောင်တို့က ဆုချီးမြှင့်ပေးခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ သင်တန်းသူ ၂၀ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၅** - တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကချင်ပြည်နယ်အတွင်း ပထမအကြိမ်မြောက် နှစ်ဦးကောက်သစ်စားပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**မိုးကောင်း ဇန်နဝါရီ ၅**

ကချင်ပြည်နယ်အတွင်း အတူတကွ မှီတင်းနေထိုင်ကြသည့် အတူနေ ဌာနေတိုင်းရင်းသားများ၏ ပထမအကြိမ်မြောက် နှစ်ဦးကောက်သစ်စားပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် နမ္မနကျေးရွာ ဘောလုံးကွင်း၌ကျင်းပရာ **(ယာပုံ)** ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်၊ ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ အမှတ်(၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်ခိုင်ထွန်းတို့က မင်္ဂလာအချိန်တွင် အဆိုပါမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ထို့နောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယနေ့ ပြည်တွင်း စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေမှုများနှင့် ယနေ့ ကျင်းပသည့် အခမ်းအနားမှာ ဒေသတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အကူပြုသည့် အခမ်းအနားဖြစ်၍ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားပြီး ကချင်မျိုးနွယ်စု ဗဟိုစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ပေးပို့သည့်သဝဏ်လွှာကို ကချင်မျိုးနွယ်စု ဗဟိုစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးခက်ထိန်နန်က လည်းကောင်း၊ ရှမ်းမျိုးနွယ်စု စာပေယဉ်ကျေးမှုကော်မတီမှ ပေးပို့သည့် သဝဏ်လွှာကို မိုးကောင်းမြို့နယ် စာပေယဉ်ကျေးမှုဥက္ကဋ္ဌ ဦးတင်ညွန့်က လည်းကောင်း ဖတ်ကြားကာ ကချင်ပြည်နယ်အတွင်း အတူနေ ဌာနေတိုင်းရင်းသားများ၏ ပထမအကြိမ်မြောက် နှစ်ဦးကောက်သစ်စားပွဲကို တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကျင်းပရေးနာယက ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းရင်းသား ရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် နာဂတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းများ ပြန်လည်ပေးအပ်ကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ ဖိတ်ကြားထားသူများကို သတ်မှတ်ထားသည့်နေရာများ၌ ကောက်သစ်စားပွဲဖြင့် ဧည့်ခံခဲ့ကြသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် ရှမ်းစတီရီယိုတေးသံရှင်များနှင့် ကချင်အနုပညာရှင်များအသင်းတို့ ပူးပေါင်းကာ နာမည်ကျော်အဆိုတော်များဖြစ်သည့် မရမ်ဆိုင်းနော်၊ ခင်ကြီးအပါအဝင် စတီရီယိုတေးသံရှင်များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။

ယနေ့အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း မိုင်းဖြတ်မြို့နယ်၌ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၄ ရက်က မိုင်းဟဲကျေးရွာအုပ်စု ရှေခင်ကျေးရွာရှိ ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူကြား ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်သူ့စကားဝိုင်းကို ပြုလုပ်ခြင်းဖြစ်၍ ကျေးလက်နေပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးကြရန် အမှာစကားပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှောလမွန်ကလည်း ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ ပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားနိုင်မည့် အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ရန် ပြည်သူ့စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို စတင်ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကိုတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး၊ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှူး ဦးမာကုက ကျေးလက်လမ်းလုပ်ငန်းများအကြောင်း၊ မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူက ပညာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်က လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များအကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းလင်းက လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) နှင့် စည်းမျဉ်းစည်းကမ်းများ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာများ၊ မြေလွတ်မြေရိုင်းလျှောက်ထားနိုင်ရေးဆိုင်ရာ အကြောင်းအရာများ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းအောင်ခမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးမြင့်ဌေးက နိုင်ငံသားစိစစ်ရေးနှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးမှု လုပ်ငန်းစဉ်အကြောင်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာထွန်းဇော်ဝင်းက မွေးမြူရေးဆိုင်ရာ ဆောင်ရွက်ချက်များ စသည်တို့ကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့တက်ရောက်လာသူ ဒေသခံပြည်သူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုင်းဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့် အုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေဘိုမြို့နယ်မှ ရွာ ခုနစ်ရွာသို့ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ရွှေဘို ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းမှ ကျေးရွာ ခုနစ်ရွာသို့ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(VDP)ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက်က ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူတို့က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေရရှိသော ကျေးရွာများအနေဖြင့် မိမိတို့ရွာအတွက်ဆောင်ရွက်မည့်စီမံကိန်း လုပ်ငန်းများကို အရည်အသွေးပြည့်ဝစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးနှင့် အချိန်မီ လုပ်ငန်းပြီးစီးရေး ဦးတည်လျက် လုပ်ဆောင်သွားရန် ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီကို ငါးဆူကုန်းကျေးရွာ၊ သစ်ကြီးတောကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ရွာသာကျေးရွာ၊ မြင်းကသာကျေးရွာ၊ သပြေကန်ကျေးရွာနှင့် ခွန်တောင်းငယ်ကျေးရွာတို့မှ ဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# မကွေးမြို့နယ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ဆောင်းခိုငှက်များကို စောင့်ရှောက်ပေးရန်လိုအပ်

**မကွေး ဒီဇင်ဘာ ၅**

ဒီဇင်ဘာလလယ်ခန့်မှစ၍ လက်ရှိအချိန်အထိ မကွေးမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် ဆောင်းခိုငှက်များ အုပ်စုဖွဲ့ရောက်ရှိလာကြသဖြင့် ငှက်မျိုးများပျောက်ပျက်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနများက ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ဒေသခံအချို့က ပြောသည်။

မကွေးမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် နေထိုင်ကျက်စားလေ့ရှိသော ဆောင်းခိုငှက်များမှာ မိုးနည်းပါးသွားသည့်ကာလ အလွန်မှစ၍ တော်သလင်းလပြည့်ကျော်နှင့် သီတင်းကျွတ်လဆန်းပိုင်းတွင် မကွေးမြို့နယ်အတွင်းသို့ စတင်လာရောက်ကြကာ မိုးစရွာသွန်းသည့် ကဆုန်လပြည့်ကျော်နှင့် နယုန်လဆန်းပိုင်းတွင် မြစ်၊ ချောင်း၊ အင်းအိုင်များမှ အခြားနေရာများသို့ ပြောင်းရွှေ့လေ့ရှိကြကြောင်း သိရသည်။



ယခုရက်ပိုင်းအတွင်း မကွေးမြို့နယ်၌ တွေ့မြင်ရသည့် ဆောင်းခိုငှက်များ

"ဒီဇင်ဘာ လလယ်လောက်က မိုးရွာခဲ့ပြီး နောက်ပိုင်းမှာ အတွေ့များလာတယ်၊ မနှစ်ကနဲ့ ဒီနှစ်ဆောင်းမှာ တော်တော်များများ တွေ့လာရတယ်၊ ဟိုးအရင်နှစ်တွေက တွေ့ရနည်းတယ်"ဟု မကွေးမြို့မှ အသက် ၅၀ ခန့် ဒေသခံတစ်ဦးက ပြောသည်။ ငှက်ဖမ်းသမားများ၏ ထောင်ဖမ်းခြင်းနှင့် ပစ်ခတ်ဖမ်းဆီးမှုများကြောင့် ဆောင်းခိုငှက်များမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကျက်စားနေကြသည့်အပြင် အချို့ဘုရားပရဝဏ်နှင့် ဈေးများ၌ ငှက်အရှင်များ ရောင်းချနေခြင်းများကို တွေ့ရသဖြင့် ထိုသို့ ဆောင်းခိုငှက်များအား အရှင်ဖမ်းခြင်း၊ သတ်ဖြတ်ခြင်းတို့ကို တားဆီးကာကွယ်ပေးခြင်းဖြင့် ငှက်များကို ထိန်းသိမ်းသင့်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲ အမြောက်အမြားရှိပြီး ငှက်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော် တွေ့ရှိရကာ ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်အကြွယ်ဝဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ငှက်မျိုးစိတ်များသည် နှစ်စဉ်ဆောင်းရာသီတွင် မြန်မာနိုင်ငံသို့လာရောက်၍ ဆောင်းခိုလေ့ရှိသည်။ ယင်းဆောင်းခိုငှက်များ နေထိုင်ရာ မြောက်ဘက်အရပ်ဒေသ၌ အလွန်အေးသောကြောင့် ပူနွေးသောရာသီဥတုရှိသည့် မြန်မာနိုင်ငံကဲ့သို့ အရပ်ဒေသများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ကြခြင်းဖြစ်သည်ဟု လေ့လာသိရှိရသည်။

**ဝိုင်းဝန်းစောင့်ရှောက်ပေးရန် လိုအပ်**

ဆောင်းခိုငှက်မျိုးများထဲမှ ခရုစုပ်နှင့် ခရုတုပ်ကဲ့သို့သော ဆောင်းခိုငှက်များသည် စိုက်ပျိုးသီးနှံများကို ပျက်စီးဆုံးရှုံးစေသည့် ခရုမျိုးများကို စားခြင်းဖြင့် လယ်ယာလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးကြောင်း၊ ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကမ်းရိုးတန်းတို့၌ ဆောင်းရာသီတွင် ယှဉ်တွဲတွေ့ရှိရသည့် မြစ်ချောင်းများ၏ အဆင်တန်ဆာများလည်းဖြစ်၍ အစဉ်အဆက် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ နွေးထွေးမှုရှိသော နေရာများသို့ ခေတ္တအလည်လာသည့် ဆောင်းခိုငှက်များ ယင်းတို့၏ မူလနေရာသို့ ဘေးကင်းလုံခြုံစွာဖြင့် ပျံသန်းသွားနိုင်သည်အထိ ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ငှက်ဝါသနာရှင် ဒေသခံအချို့က အကြံပြုပြောကြားထားသည်။ **ဇွဲထက်ရှင်**

# ထာဝရငြိမ်းချမ်းသည့် လူ့ဘောင်သစ်တစ်ရပ် လက်တွဲထူထောင်မည့် ၂၇၅၈ ခုနှစ် ကရင်နှစ်သစ်ကူးနေ့

**တက္ကသိုလ် ပွင့်သူအောင်**

**နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်နှစ်သစ်ကူးနေ့ဖြစ်သည်။ ယခုနှစ်တွင် ကရင်သက္ကရာဇ်သည် ၂၇၅၈ ခုနှစ်ရှိခဲ့ပြီ ဖြစ်သည်။ ကရင်တိုင်းရင်းသားများနေထိုင်သည့် ကရင်ပြည်နယ်သည် အရှေ့တောင်ဘက် မြောက်လတ္တီတွဒ် ၁၆° ၄၆' ၈၇"နှင့် ၁၉° ၂၀'၄၂"အကြားတွင်ရှိ၍ အရှေ့လောင်ဂျီတွဒ် ၉၆° ၂၅' ၅၅" နှင့် ၉၈° ၅၄' ၃၃" အကြားတွင် တည်ရှိကာ မြောက်၊ အနောက်မြောက်မှ တောင်၊ အရှေ့တောင်ဘက်ဆီသို့ ရှည်လျားကျဉ်းမြောင်းစွာတည်ရှိသည်။ အလျားအားဖြင့် မြောက်မှတောင်သို့ ၃၂၅ မိုင်ခန့်ရှည်လျား၍ အနံအားဖြင့် အရှေ့မှအနောက်သို့ (အကျယ်ဆုံးနေရာ) မိုင် ၇၀ ခန့်ကျယ်ဝန်းကာ ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင်ရှိသည်။**



### တောင်တန်းကြီးများ

အရှေ့ရိုးမတောင်တန်းမှဆင်းလာသော တောင်တန်းများသည် ပြည်နယ်၏ အရှေ့ဘက်ပိုင်းတွင် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိရာ အလွန်လှပသောရှုခင်းများဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်၏ အရှေ့ဘက်ပိုင်းသည် ကုန်းမြင့်တောင်တန်းပိုင်းဖြစ်၍ ပျမ်းမျှအားဖြင့် အမြင့်ပေ ၅၀၀၀ ခန့်ရှိပြီး အနောက်ဘက်ပိုင်းသည် မြေနိမ့်လွင်ပြင်ပိုင်းဖြစ်ကာ ပေ ၁၀၀၀ ဝန်းကျင်မျှရှိသည်။ အရှေ့ဘက်တောင်တန်းဒေသတွင် အမြင့်ဆုံးတောင်မှာ "ဟိုကကြိုးတောင်တန်း" ဖြစ်၍ ၆၆၀၇ ပေ မြင့်သည်။ ယင်းတောင်တန်းသည် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အကြား တည်ရှိသည်။ ကရင်ပြည်နယ်၏ မြောက်ဖျားရှိ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်ဖျား ဆုံသည့်နေရာတွင် "ဝမ်းတောင်တန်း" ရှိ၍ ၅၅၂၄ ပေမြင့်သည်။ ကရင်ပြည်နယ်၏ အရှေ့ဘက်နယ်နိမိတ်တစ်လျှောက်တွင် "ဒေါနတောင်တန်း" သည် တောင်မြောက်တန်းလျက် တည်ရှိသည်။ ယင်းတောင်တန်းသည် ၆၈၂၂ ပေမြင့်သည်။ ကရင်ပြည်နယ်၏ အနောက်ဘက် တောင်တန်းနယ်နိမိတ်တွင် "တောင်ညိုတောင်တန်း" တည်ရှိပြီး ၄၂၅၉ ပေမြင့်သည်။

### မြစ်ချောင်းများ

တောင်တန်းများတည်ရှိနေပုံကိုလိုက်၍ ကရင်ပြည်နယ်အတွင်း မြစ်ချောင်းများသည် တောင်မြောက်စီးဆင်းလျက်ရှိပြီး အဓိကမြစ်မှာ "သံလွင်မြစ်" ဖြစ်၍ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၏ အရှေ့ဘက်အဖျား၌ ဆုံတွေ့ကြသည်။ ယင်းမြစ်သည် "ကော့လူဒို" အနီးမှ တောင်ဘက် "မောလောခို" အထိ ထိုင်းနိုင်ငံနှင့် ကရင်ပြည်နယ်အကြား နယ်နိမိတ်အဖြစ် စီးဆင်းလျက်ရှိသည်။ ကရင်ပြည်နယ်၏ မြောက်ပိုင်းတွင် မြစ်ဖျားခံလျက် သံလွင်မြစ်အတွင်းသို့ စီးဝင်သော ထင်ရှားသည့် မြစ်ချောင်းများမှာ မက်သလောက်၊ ယွန်းစလင်း၊ ထီးခိုင်နှင့် ဒုံသမိမြစ်ဖျားဖြစ်ကြပြီး တောင်ဘက်မှစီးဝင်သော သံလွင်မြစ်၏ မြစ်လက်တက်များမှာ သောင်ရင်း၊ ဟောင်သရော သို့မဟုတ် လှိုင်းနှင့် ဇမိ သို့မဟုတ် ဝင်းယော် သို့မဟုတ် အတ္ထရံ မြစ်များ ဖြစ်သည်။ ယင်းမြစ်ချောင်းများအားလုံးသည် တစ်နှစ်ပတ်လုံးရေရရှိသဖြင့် ကရင်တိုင်းရင်းသားများအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အရေးပါလှသည်။

ကရင်ပြည်နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၍ အမြဲစိမ်းသစ်တောများ ပေါက်ရောက်လျက်ရှိသည်။ ကရင်ပြည်နယ်၏ မြေသားများမှာ အများအားဖြင့် သက်ရင့်အနည်ကျကျောက်မြေနှင့် သက်ရင့်မြေမာဖြစ်သော သလင်းရောင်ကျောက်မြေများဖြစ်ရာ တောင်ညိုတောင်၏ အရှေ့ဘက်၌ သံဖြူသတ္တုများ၊ ပြည်နယ်၏ အနောက်ဘက်စွန်းဖြစ်သော သဖြုနယ်၌ ခနောက်စိမ်းသတ္တုများ၊ သောင်ရင်းဒေသ၌ သံနှင့်ကျောက်မီးသွေး၊ ကြာအင်းနယ် မိဂသတ်ချောင်းတွင် ကြေးနီသတ္တု၊ ဒေါနတောင်တန်း၌ သံဖြူနှင့် အဖြိုက်နက်သတ္တုများ၊ ဖာပွန်နယ်၌ သံနှင့် ခဲသတ္တုများ အစရှိသဖြင့် ထွက်ရှိသည်။

### ကရင်ပြည်နယ်ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းတည်ထောင်ရာတွင် ကရင်လူမျိုးများနေထိုင်သော ဒေသများကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ရန် ပါလီမန်၌ ထည့်သွင်းစဉ်းစားလာကြပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ-၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် ဦးစွာသတ်မှတ် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေ-၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သော ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့သည်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်၊ မြို့နယ်ပေါင်း ခုနစ်မြို့နယ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ရန် ၁၉၅၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်ကစတင်ပြီး ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်။

### ကရင်ဟူသောဝေါဟာရ

တောင်တန်းများ၊ မြစ်ချောင်းများ၊ သစ်တောမြေများ၊ သတ္တုမျိုးစုံပေါကြွယ်လှသော ကရင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိကြသည့် ကရင်တိုင်းရင်းသားများသည် ပင်ကိုသဘာဝမှာ အေးချမ်းရိုးသားကြသည်။ "ကရင်" ဟူသော ဝေါဟာရသည်ပင်လျှင် စဝှော် (စကော)၊ ရှူ (ပိုး) ဘွဲ့အမျိုးသားအပေါင်းတို့ကို ခြုံ၍ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် စဝှော် (စကော) ကရင်တိုင်းရင်းသားတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ "ပွာကညော" ဟူ၍ လည်းကောင်း၊ ရှူ (ပိုး) ကရင်တိုင်းရင်းသားတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ "ဖျုံ" ဟူ၍လည်းကောင်း အသီးသီး ခေါ်ဆိုကြသည်။ ကရင်လူမျိုးတို့သည် တိဘက်-မြန်မာစကားအုပ်စုဝင်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းသို့ အေဒီခုနစ်ရာစု သို့မဟုတ် ရှစ်ရာစုအတွင်းက တောင်ငူအရှေ့ဘက်မှ တစိမ့်စိမ့် ဝင်ရောက်ခဲ့ကြပြီး အနောက်ဘက်တွင် တောင်ငူ-ရွှေကျင်လမ်းကြောင်းအတိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးနှင့် ပြည်မြို့အနောက်ဘက် ရွှေဘုံသာဘုရားအနီး စကြပ်ကျွန်းတွင် နေထိုင်သကဲ့သို့ တောင်ဘက်တွင် ဖာပွန်သံလွင်မြစ်ကြောင်းအတိုင်း မုတ္တမပင်လယ်ကွေ့နှင့် တနင်္သာရီကမ်းမြောင်ဒေသတစ်လျှောက် ပျံ့နှံ့နေထိုင်ကြသည်။ ကရင်တိုင်းရင်းသားများသည် နေထိုင်ရာဒေသကိုလိုက်၍ တောင်ပိုင်းကရင်နှင့် မြောက်ပိုင်းကရင်ဟူ၍ သတ်မှတ်ထားရာ "ဘွဲ့" သည် မြောက်ပိုင်းကရင်တိုင်းရင်းသားများဖြစ်ကြပြီး ရှူ(ပိုး) နှင့် စဝှော် (စကော) တို့သည် တောင်ပိုင်းကရင်တိုင်းရင်းသားများ ဖြစ်ကြသည်။ ထို့အပြင် စစ်တောင်းမြစ်အရှေ့ဘက်ရှိ ကရင်တို့ကို အရှေ့ကရင်တိုင်းရင်းသားများဟု ခေါ်ပြီး စစ်တောင်းမြစ်အနောက်ဘက်ရှိ ကရင်တို့ကို အနောက်ကရင်တိုင်းရင်းသားများဟု ခေါ်ဆိုကြသည်။

အထူးသဖြင့် စဝှော်(စကော)ကရင်တိုင်းရင်းသားတို့တွင် စဝှော်(စကော)၊ ပကူး၊ မောနေပွာ၊ တလေပွာအုပ်စုများပါဝင်ပြီး စဝှော်(စကော)အုပ်စုကို အရှေ့စဝှော်(စကော)နှင့် အနောက်စဝှော်(စကော)၊ မြစ်ဝကျွန်းပေါ်စဝှော်(စကော)ဟူ၍ ထပ်မံခွဲခြားထားသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်နှင့် ရှစ်မိုင်ကျော်ကွာဝေးသော သံတောင်မြို့နယ် (ယခု သံတောင်ကြီးမြို့နယ်)၌ မိုပွာကရင်တိုင်းရင်းသားအုပ်စုများ နေထိုင်ကြပြီး ဘွဲ့မျိုးကွဲ၌ ဘွဲ့နှင့် ဖလချီး ကရင်တိုင်းရင်းသားတို့လည်း ရှိကြသည်။ ဘွဲ့ကရင်တိုင်းရင်းသားများသည် သံတောင်မြို့နယ် (သံတောင်ကြီးမြို့နယ်)အတွင်းရှိ တောင်ပေါ်ဒေသတစ်လျှောက် နေထိုင်ကြသကဲ့သို့ ပလချီး ကရင်တိုင်းရင်းသားများသည် သံတောင်မြို့နယ်ရှိ ခဲဖြူတိုက် ပလေချောင်း(ပသိချောင်း)ဖျားခံရာ အရပ်ဒေသရှိ ပလချီး၊ ကျွဲဖြူတောင်၊ တောပြာကလေး၊ တောပြာကြီး၊ ငွေတောင်ကြီး၊ ငွေတောင်ကလေးကျေးရွာများ၌ နေထိုင်ကြသည်။

### ကရင်နှစ်သစ်ကူးနေ့သတ်မှတ်ခြင်း

ကရင်နှစ်သစ်ကူးနေ့နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့ရသည်။ ၁၉၃၄ ခုနှစ် ဗြိတိသျှလက်အောက် ပါလီမန်တွင် ကရင်အမျိုးသားပါလီမန်အမတ် "စောဂျွန်ဆင် ဒီဖိုးမင်း" က ကရင်နှစ်ဆန်း ၁ ရက်နေ့တွင် အသိအမှတ်ပြုရန်အတွက် ကရင်လူမျိုးတို့၏ ရှေးယဉ်ကျေးမှုများကို လေ့လာကာ နှစ်ဆန်း ၁ ရက်ကို "သလေလဆန်း ၁ ရက်" မြန်မာပြာသိုလဆန်း ၁ ရက်နှင့် တိုက်ဆိုင်သည်ဟု အဆိုပြုတင်ပြခဲ့ရာ ပါလီမန်က သဘောတူဆုံးဖြတ်ချက်များ ချမှတ်ခဲ့သဖြင့် ခရစ်နှစ် ၁၉၃၇ ခုနှစ်မှစ၍ ပြာသိုလဆန်း ၁ ရက်နေ့ကို ကရင်နှစ်သစ်မင်္ဂလာနေ့အဖြစ် ရုံးပိတ်ရက် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ "သလေ" ၏ အဓိပ္ပာယ်မှာ "လွတ်လပ်ခြင်း" ဖြစ်သည်။ တစ်နှစ်တာကာလပတ်လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရသော လုပ်ငန်းများ သိမ်းပြီးချိန် အားလပ်ချိန်ဖြစ်၍ တောင်ပေါ်ဒေသနေ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ လွတ်လွတ်လပ်လပ် ပျော်မဆုံးသောလပင် ဖြစ်သည်။ ရှေ့လာမည့်နှစ်အတွက် တောင်ယာစိုက်ခင်းသစ်များ ရှာဖွေခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ အိမ်ထောင်ပြုခြင်း စသည်တို့ကို ဆောင်ရွက်ပြီး အရှောင်ကင်းမဲ့သော လပင်ဖြစ်သည်ဟူ၍ သတ်မှတ်ကြသည်။ ၁၉၃၄ ခုနှစ်မှစ၍ ကရင်သက္ကရာဇ် ၂၆၇၃ ခုနှစ်ဟု သတ်မှတ်ကာ နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့ရောက်တိုင်း ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားများ ကျင်းပခဲ့ရာ ယခုနှစ်တွင် ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ်ရှိပြီဖြစ်သည်။

### ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပပုံ

ကရင်နှစ်သစ်ကူးနေ့ရောက်တိုင်း ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ အထူးသဖြင့် ကရင်ပြည်နယ် ဘားအံခရိုင်ရှိ သံတောင်ကြီးမြို့နယ်၌ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပပုံမှာ ထူးခြားလှသည်။ ကရင်နှစ်သစ်ကူးနေ့ကျရောက်မည့် အချိန်မတိုင်မီ ည ၁၂ နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် အိမ်တိုင်းမှ တူမီးသေနတ်များ မိုးထက်ဆီသို့ ပစ်ဖောက်ကာ နှစ်သစ်ကူးနေ့ကို ကြိုဆိုကြသည်။ သံတောင်ကြီးမြို့နယ် သံတောင်မြို့တွင် နှစ်သစ်ကူးနေ့အခမ်းအနားကို ပသိချောင်းနံဘေး၌ ပြုလုပ်၍ ပသိချောင်းနံဘေးတွင် တံခွန်တိုင်စိုက်ထူမည့်နေရာ နှစ်နေရာနှင့် ကရင်အမျိုးသားအလံတိုင်တစ်နေရာ ပြုလုပ်ထားသည်။ တံခွန်တိုင်ကို တံခွန်တိုင် အဖိုနှင့် တံခွန်တိုင် အမဟူ၍ နှစ်မျိုးခွဲခြားထားသည်။

တံခွန်တိုင်အဖိုကို ပြုလုပ်ရာ၌ ဝါးပိုးဝါးအရင်းမှ အဖျားအထိ မကျိုးမပဲ့ခုတ်ရသည်။ ဝါးရွက်များ သင်ပစ်ပြီးနောက် ဝါးပိုးဝါး၏ အလယ်တွင် ဝါးနှစ်ချောင်းကို သပ်လျှိုရသည်။ ကြက်ခြေခတ်ပုံမျိုးဖြစ်သည်။ ယင်းကြက်ခြေခတ်၏ အပေါ်ပိုင်းကို အဖျားပိုင်း၊ အောက်ပိုင်းကို အရင်းပိုင်းဟု မှတ်သားကြသည်။ တံခွန်တိုင်အဖို၏ အဖျားပိုင်းတစ်ခုလုံးကို နှီးဖျာကြီးများဖြင့် ငါးအရိုးပုံသဏ္ဌာန် ရက်လုပ်ကြသည်။ ရှေးကရင်တိုင်းရင်းသားလူကြီးများက တံခွန်တိုင်အဖို၏ အလယ်၌ ကြက်ခြေခတ်ထားသောဝါးလေးဖက်သည် အရပ်လေးမျက်နှာတွင်ရှိကြသော နတ်သိကြားတို့ကို ရည်ရွယ်၍ ပူဇော်ခြင်းဖြစ်ကြောင်း ပြောဆိုလေ့ရှိသည်။ တံခွန်တိုင်အမကို ပြုလုပ်ရာတွင် ဝါးပိုးဝါးတစ်ခုလုံးကို မယူဘဲ ဝါးပိုးဝါးတစ်ဝက်ဖြတ်၍ အောက်ပိုင်းကို သုံးကြသည်။ ဝါး၏ထိပ်ပိုင်းကို ခြင်းကြားကြီးသဏ္ဌာန် ရက်လုပ်သည်။ ထိုကဲ့သို့ ရက်လုပ်ထားခြင်းမှာ နတ်သိကြားများက ပေးလာမည့် ဆုမွန်ကောင်းများ ခံယူရန်ဖြစ်ကြောင်း ရှေးကရင်တိုင်းရင်းသားလူကြီးများက ဆိုသည်။

ယင်းကဲ့သို့ တံခွန်တိုင်အဖိုနှင့် အမတို့ကို နှစ်သစ်ကူးနေ့ကျင်းပမည့်နေရာသို့ ကရင်တိုင်းရင်းသားလူငယ် အမျိုးသားအမျိုးသမီးများက ပျော်ပျော်ပါးပါး စုပေါင်းသယ်ယူလာကြပြီး သတ်မှတ်ထားသောနေရာတွင် ဝိုင်းဝန်းစိုက်ထူကြသည်။ ကရင်တိုင်းရင်းသားများသည် တံခွန်တိုင်အဖိုကို စိုက်ထူရာတွင် အထူးသတိထားလေ့ရှိသည်။ ယင်းတံခွန်တိုင်အဖိုကို စိုက်ထူပြီးနောက် တံခွန်တိုင်အဖို၏ အဖျားမှာ အရှေ့ဘက်နှင့် မြောက်ဘက်သို့ ကိုင်းညွတ်ပါက နယ်မြေဒေသတစ်ခုလုံး အေးချမ်းသာယာပြီး ဆန်ရေစပါး ပေါများ၍ တောင်ဘက်နှင့် အနောက်ဘက်သို့ ကိုင်းညွတ်ခဲ့ပါလျှင် နယ်မြေဒေသတစ်ခုလုံး ဆန်ရေစပါး ရှားပါးကာ ဘေးဒုက္ခအသွယ်သွယ် ကျရောက်တတ်ကြောင်း ရှေးလူကြီးများက ဆိုထားကြသည်။ ထို့နောက် တံခွန်တိုင်အဖိုစိုက်ထူပြီးသည်နှင့် တူမီးသေနတ်ကိုးလက်ဖြင့် ပစ်ဖောက်ကြသည်။ ထိုသို့ တံခွန်တိုင်အဖိုနှင့် အမတို့ကို စိုက်ထူပြီးသည့်အခါ နံနက်မိုးသောက် အရုဏ်တက်လာပြီဖြစ်၍ နှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်လာကြသူအားလုံးသည် အလံတိုင်ရှေ့၌ နေရာယူကြရင်း ကရင်အမျိုးသားသီချင်းကို သံပြိုင်သီဆိုစဉ်မှာပင် ကရင်အမျိုးသားသီချင်းနှင့်အတူ ကရင်အမျိုးသားအလံကို လွှင့်တင်လိုက်သည်။ မြူနှင်းများဖြင့် လွှမ်းခြုံထားသော ကွင်းအတွင်း တူမီးသေနတ်သံများ ဖုံးလွှမ်းသွားပြီး နှစ်သစ်ကူးနေ့ကို ကရင်အမျိုးသားသီချင်းများဖြင့် ကြိုဆိုနေကြသည့်မြင်ကွင်းမှာ ပျော်ရွှင်ကြည်နူး ထူးခြားလှသည်။

ထို့နောက် နှစ်သစ်ကူးနေ့အခမ်းအနားပြုလုပ်နေသော ကွင်းပြင်မှာပင် လူထုအစည်းအဝေးကျင်းပပြီး ကောက်သစ်စားပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ၊ ကရင်ယဉ်ကျေးမှု ပဒေသာကပွဲများကို ပျော်ပျော်ပါးပါး ပြုလုပ်ကြသည်။ ယင်းကဲ့သို့ ကရင်နှစ်သစ်ကူးနေ့ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ပြီး ကရင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းတည်ငြိမ်မှုရှိနေခြင်းမှာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက နိုင်ငံတော်အစိုးရဦးဆောင်မှုနှင့်အတူ ကရင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးအတွက် သတ္တိရှိရှိ ဆုံးဖြတ်လက်တွဲလာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အမြော်အမြင်ရှိရှိ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာမှုများကြောင့်ပင် ဖြစ်သည်။

### ထာဝရငြိမ်းချမ်းသည့် လူ့ဘောင်သစ်တစ်ရပ် လက်တွဲထူထောင်

နိုင်ငံတော်အစိုးရသစ်အနေဖြင့် စတင်တာဝန်ယူချိန်ကတည်းက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်တိုင်ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အခြေခံမူ ၅၁ ချက် သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကရင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းခိုင်မာသော ထာဝရငြိမ်းချမ်းသည့် လူ့ဘောင်သစ်တစ်ရပ်ကို ထူထောင်လျက်ရှိရာ ကရင်တိုင်းရင်းသားအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုနှင့် စာနာမှုတို့ဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို လက်တွဲထူထောင်ကြရမည်ဖြစ်ပါကြောင်း ၂၇၅၈ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

**"ကရင်နှစ်သစ်ကူးနေ့ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ပြီး ကရင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းတည်ငြိမ်မှုရှိနေခြင်းမှာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက နိုင်ငံတော်အစိုးရဦးဆောင်မှုနှင့်အတူ ကရင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးအတွက် သတ္တိရှိရှိ ဆုံးဖြတ်လက်တွဲလာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အမြော်အမြင်ရှိရှိ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာမှုများကြောင့်ပင်ဖြစ်"**

# နောင်လာနောက်သားတွေအတွက် ရိုးရာဓလေ့ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်

မန်းညက်ပိန်

ရန်ကုန် ဇန်နဝါရီ ၅

**ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနနှင့် ကရင်စာပေ၊ ယဉ်ကျေးမှုကော်မတီတို့ပူးပေါင်းပြီး ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းမှစတင်ကာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

ပွဲတော်တွင် ကရင်ဒုံးအက၊ ကရင်ကဗျာရွတ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲများ ထည့်သွင်းကျင်းပပြီး ကရင်ရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ကရင်စာပေနှင့် တူရိယာပစ္စည်းများ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်များနှင့် ကရင်လူမျိုးများ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြခန်းများဖြင့် ပြသထားပြီး ကရင်ရိုးရာအစားအစာ ရောင်းချသည့် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိမ်မဲမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီမှ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ကော်မတီတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



မန်းညက်ပိန်



စောဘိုဘို



မန်းကြင်ဝင်း



ဖူပလန်း

**မန်းညက်ပိန်**
**ဒုတိယဥက္ကဋ္ဌ**
**အိမ်မဲမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီ**

ကောက်သစ်စားပွဲတော်ကို မြို့နယ်အနေအထားနဲ့ ၁၉၈၇ ခုနှစ်လောက်က ကျင်းပခဲ့ဖူးပါတယ်။ အခုလို ကြီးကြီးမားမား ကျင်းပခဲ့တာတော့မရှိခဲ့ဘူး။ ရိုးရာဓလေ့အတိုင်းပဲ လုပ်သွားတယ်။ ကောက်သစ်စားပွဲကိုပြုလုပ်ရခြင်းရည်ရွယ်ချက်က ကရင်တိုင်းရင်းသားတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း မြောက်မြားစွာက ဖိုးဖွားယော်နတ်က စပါးတိုးအောင် လုပ်ပေးတယ်။ ဖိုးဖွားယော်နတ်ကို ပူဇော်ပသလိုက်ရင် တစ်နည်းအားဖြင့် စပါးလိပ်ပြာခေါ်ပွဲလို့လည်း ပြောလို့ရပါတယ်။ နှစ်စဉ်နှစ်တိုင်း ပူဇော်ပသပြီး ဖိုးဖွားယော်နတ်ကို တမ်းတလိုက်ခြင်းအားဖြင့် စပါးအထွက်တိုးတယ်လို့ ကရင်လူမျိုးတွေက အယုံအကြည်ရှိခဲ့ဖူးတယ်။

ရိုးရာဓလေ့တွေကို ပြန်လည်ဖော်ထုတ်ပြီး နောင်လာနောက်သားတွေအတွက် ရိုးရာဓလေ့ထိန်းသိမ်းနိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ကရင်အမျိုးသားနှစ်သစ်ကူးနဲ့ ကောက်သစ်စားပွဲတော်ကို ဇန်နဝါရီ ၆ ရက် မနက် ၆ နာရီခွဲကနေ စတင်ကျင်းပမှာ ဖြစ်ပါတယ်။ အမျိုးသားအလံတင်ပွဲကျင်းပမယ်။ ပြီးရင် သက်ကြီးပူဇော်ပွဲနဲ့ ဟောပြောပွဲအခမ်းအနား ကျင်းပမယ်။ ဟောပြောပွဲပြီးတာနဲ့ ကောက်သစ်စားပွဲတော်ကို ကွင်းထဲမှာ သတ်မှတ်ထားတဲ့နေရာမှာ ကျင်းပမယ်။ ဖိုးဖွားယော်နတ်အိမ်လေးပေါ်မှာ ရွှတ်ဖတ်မယ်။ ရိုးရာဓလေ့အတိုင်း စပါးတွေ၊ ကောက်ညှင်းတွေကို နွားနဲ့ ကျွဲနဲ့ နယ်မယ်။ ရလာတဲ့ ကောက်ညှင်းစပါးတွေကို ရောက်လာတဲ့ ကရင်အဘိုးအဘွားတွေကို ပူဇော်ကန်တော့ပါမယ်။



**စောဘိုဘို**
**အိမ်မဲမြို့နယ် ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော် ကျင်းပရေးကော်မတီ၊ အဖွဲ့ဝင်**

ကောက်သစ်စားပွဲကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးမှာ ကျင်းပခဲ့ကြပါတယ်။ တစ်နှစ်တာ ထွက်ရှိတဲ့ စပါးဆိုလည်း ဦးဦးဖျားဖျား၊ ကောက်ညှင်းဆိုလည်း ဦးဦးဖျားဖျား ပူဇော်ကြတယ်။ စုပေါင်းဖွဲ့ပြီး စားသုံးကြတယ်။ လုပ်ပုံလုပ်နည်းကတော့ အမျိုးမျိုးရှိကြတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့လည်း လုပ်ခဲ့တာရှိတယ်။ ကောက်ဦးကောက်ဖျားတွေကို ချက်စားကြတယ်။ ပူဇော်ကြတယ်။ ဒါလောက်ပဲ လုပ်ခဲ့ကြတယ်။ ဒီနှစ်မှာတော့ ပြန်လည်အားဖြည့်တဲ့အနေနဲ့ ဖိုးဖွားယော်နတ်ကို ပူဇော်တဲ့ပွဲ အစဉ်အလာလုပ်လေ့ရှိတဲ့ ဒီအစဉ်အလာတွေကို ပြန်လည်သယ်ယူလာပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ကျင်းပလေ့ရှိတဲ့ ပုံမှန်ကောက်သစ်စားပွဲကနေ ထပ်မံပြီး ဖိုးဖွားယော်နတ်ကိုပူဇော်တဲ့ ကောက်သစ်စားပွဲ ပုံစံမျိုး ပေါ်ပေါက်လာအောင် သယ်ဆောင်လာခြင်း ဖြစ်ပါတယ်။

ကောက်သစ်စားပွဲ ဖိုးဖွားယော်နတ်ကို ပူဇော်ပွဲဆိုတာကလည်း အဓိက စပါးအထွက်နှုန်းကောင်းအောင်၊ ဘေးအန္တရာယ်ကနေကင်းလွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုပွဲတစ်ခုလည်း ဖြစ်တယ်။ ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းတဲ့ ကရင်တိုင်းရင်းသားတို့ရဲ့ ယဉ်ကျေးမှုကို ပြန်လည်ပြီး ကျယ်ပြန့်လာအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဧရာဝတီတိုင်းဒေသကြီးမှာနေတဲ့ ကရင်လူမျိုးတွေဟာ စိုက်ပျိုးရေးကို အဓိကလုပ်တာဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးတဲ့ ဆန်ရေစပါးတွေ ပေါကြွယ်ဝလာအောင်၊ သဘာဝဘေးအန္တရာယ်ကနေ ကင်းလွတ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနဲ့အတူ ကောက်သစ်စားပွဲကို ပြန်လည်ကျင်းပခြင်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး ဘောလုံးအသင်း ၁၅၀ လောက်နဲ့ ဘောလုံးပွဲတွေ ကျင်းပခဲ့တယ်။ ဇန်နဝါရီ ၄ ရက်လောက်ကစပြီး ဇာတ်ပွဲတွေ ကျင်းပတယ်။ ဇန်နဝါရီ ၆ ရက်မှာ ကရင်အမျိုးသားနှစ်သစ်ကူးနဲ့ အတူ ကောက်သစ်စားပွဲကို ကျင်းပမှာ ဖြစ်ပါတယ်။

**မန်းကြင်ဝင်း**
**ရွာသစ်ကျေးရွာအုပ်ချုပ်ရေးမှူး**

အိမ်မဲမြို့နယ်မှာရှိတဲ့ ကျေးရွာ ၅၉ အုပ်စုကနေ အလှည့်ကျနဲ့ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပလာခဲ့ကြတာပါ။ ဒီနှစ် (၄၈)ကြိမ်မြောက်ကို ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာမှာ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား နိုင်ငံတော်အဆင့် ကောက်သစ်စားပွဲနဲ့အတူ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွဲပြီး ကျင်းပတာ ဖြစ်ပါတယ်။ ပွဲတော်မှာ ကရင်ကဗျာစာပေပြိုင်ပွဲနဲ့ ဒုံးပြိုင်ပွဲတွေလည်း ထည့်သွင်းကျင်းပပါတယ်။ ကရင်အမျိုးသားနှစ်သစ်ကူးနဲ့ ကောက်သစ်စားပွဲက ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအတွက် အရေးပါတဲ့ ပွဲတော်ဖြစ်ပါတယ်။

**ဖူပလန်း**
**ဥသျှစ်ကုန်းကျေးရွာ**

ဒီဒေသကတော့ လယ်နဲ့ခြံလုပ်ငန်းပဲ လုပ်ကြတယ်။ ဟိုတုန်းကတော့ ကောက်သစ်စားပွဲကျင်းပတာ သိပ်မရှိခဲ့ဖူးဘူး။ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကတော့ နှစ်စဉ်နှစ်တိုင်း ကျင်းပတယ်။ ဟိုတုန်းကတော့ ဒီလောက်မစည်ကားဘူး။ ပြခန်းတွေလည်းမရှိခဲ့ဘူး။ ဒီနှစ်တော့ ပြခန်းတွေလည်း တော်တော်စုံတယ်။ ကောက်သစ်စားပွဲမှာ ဝင်ရောက်အားဖြည့်ဖို့ လာတာပါ။ တန်ဆောင်မုန်းလပြည့်နေ့မှာ ကျင်းပတာလည်းရှိတယ်။ ကောက်သစ်စားပွဲလို့ မခေါ်ဘူး။

**တွေ့ဆုံမေးမြန်း - မင်းသစ်** (MNA)
**ဓာတ်ပုံ - နေလင်း**

# အိမ်မဲမြို့ ကရင်နှစ်သစ်ကူးပွဲတော်တွင် ပြသမည့် ကရင်ရိုးရာယဉ်ကျေးမှုပြခန်းများကို လူအများစိတ်ဝင်စား

**အိမ်မဲ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ဇန်နဝါရီ ၆ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုအဆင့် ကောက်သစ်စားပွဲနှင့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ပြခန်းများကို ပြင်ဆင်ထားရှိရာ ကရင်ရိုးရာယဉ်ကျေးမှုအနုပညာပြခန်းသို့ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပြခန်းတွင် ရှေးနှစ်ပေါင်း ရာကျော်ခန့်က ကရင်တိုင်းရင်းသားကြီးများ၏ ရိုးရာအဝတ်အစားများ၊ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများ၊ မင်္ဂလာအခမ်းအနားသုံး ဖားစည် ၊ ကရင်ပလွေနှင့် အသုံးအဆောင်များ၊ ဝတ်အင်္ကျီများနှင့် ရိုးရာစာပေများ ငြိမ်းချမ်းရေးပြခန်း၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိပြခန်းများကို ပြည်သူများ စိတ်ဝင်စားစွာ လေ့လာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြသထားတာတွေကတော့ ကရင်လူမျိုးတွေ အမြတ်တနိုးထားတဲ့ဖားစည်၊ မင်္ဂလာပွဲတွေမှာသုံးတဲ့ ပလွေနဲ့ ကရင်လို ပဒိုးလို့ခေါ်တဲ့ ကျွဲချို၊ စောင်းကောက်၊ ဆေးတံ စတဲ့ရိုးရာ အသုံးအဆောင်တွေ ပြသထားမှာဖြစ်ပါတယ် "ဟု မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ပြပွဲကျင်းပရေးတာဝန်ခံ မန်းညက်ပိန်က ပြောကြားသည်။

ပြပွဲတွင်လာရောက်သူ အိမ်မဲမြို့နယ် ထန်းတစ်ပင်ကျေးရွာအုပ်စု ကျုံပေါက်ကျေးရွာမှ လာရောက်သူ စအောင်ကျော်ကလည်း "ကရင်အမျိုးသားထုတစ်ရပ်လုံးအတွက် ရိုးရာအသုံးအဆောင်ပစ္စည်းတွေ ယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်တွေကို တန်ဖိုးထားစေချင်ပါတယ်။ ဒီနှစ်မှာ ထူးခြားမှုတစ်ခုကတိမ်မြုပ်ပျောက်ကွယ်နေတဲ့ ကရင် ရိုးရာကောက်သစ်စားပွဲတော်ကို ထည့်သွင်းကျင်းပမှာဖြစ်တဲ့အတွက် ကရင်လူမျိုးတွေကိုယ်စား တစ်မျိုးသားလုံးအတွက် အထူး ဝမ်းသာဂုဏ်ယူမိပါတယ် " ဟု ရင်တွင်းစကားကို ပြောကြားသည်။



ကရင်ရိုးရာ နှစ်သစ်ကူးပွဲနှင့် ကောက်သစ်စားပွဲတော်တွင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် အားကစားပြိုင်ပွဲများ၊ အမျိုးသားဘောလုံးပြိုင်ပွဲများ၊ ကရင်ဒုံးယိမ်းပြိုင်ပွဲများနှင့် ပွဲတော်အတွင်း ကရင်ရိုးရာ ပစ္စည်းအရောင်းဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်း ၂၀၀ ခန့် လာရောက်ရောင်းချကာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ပြာသိုလဆန်း ၁ ရက်နေ့(ကရင်နှစ်သစ်ကူးနေ့)၌ နံနက် ၆ နာရီတွင် ကရင်အမျိုးသားအလံ လွှင့်ထူခြင်း၊ ကရင်နှစ်သစ်ကူးအခမ်းအနား ကျင်းပခြင်း၊ ကရင်ရိုးရာ ကောက်သစ်စားပွဲတော် ကျင်းပခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကျင်းပရေးအဖွဲ့ထံက သိရသည်။

**အောင်မင်း (မြောင်းမြ)**

# မန္တလေးမြို့၌ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဒုတိယအကြိမ် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးနှင့် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၅

**မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ ဒုတိယအကြိမ် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် ပြည်တွင်းဆီစက်များ၏ ထုတ်ကုန်ပြပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**



ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များ အသင်းများ၏ ပြည်တွင်းဆီစက်များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေး(**ယာပုံ**)ပြီးနောက် အခမ်းအနားကို မြို့တော်ခန်းမတွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၏ နာယက ဦးခင်စိုးက မိတ်ဆက်စကားပြောကြားသည်။

**ကျန်းမာရေးကို အထောက်အကူပြု**

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကြီး ဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့၏ ကျန်းမာရေးကို အထောက်အကူပြုမည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ဆီစက်လုပ်ငန်းများသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် မွေးမြူရေးကဏ္ဍများတွင်လည်း အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးသီးနှံမျိုးစုံကို စိုက်ပျိုးနိုင်အောင် ရေခံမြေခံကောင်းများ ပေါများလှသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ စားသုံးဆီအတုအပများ တရားမဝင်ထုတ်လုပ်ရောင်းချနေမှုများမှာ အလွန်အန္တရာယ်များသည့် အပြင် လုပ်ငန်းရှင်များ အခက်ကြုံနေကြောင်း ပြောကြားသည်။

**နည်းပညာများရရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက “မြန်မာ့စားသုံးဆီ ဖူလုံဖို့ စိုက်ပျိုးရေးက စကြစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီ နည်းပညာများဖြည့်ဆည်းပြီး နိုင်ငံတော်မှ ပံ့ပိုးပူးပေါင်းဆောင်ရွက်နိုင်ခဲ့၍ ယခင်က မြေပဲတစ်ဧကလျှင် ၃၅ တင်းနှင့် တင်း ၅၀ အကြား ထွက်ရှိခဲ့ရာမှ ယခုအခါ တစ်ဧကတင်း ၈၀ နှင့် တင်း ၁၀၀ အကြား ထွက်ရှိအောင် GAP စနစ်နှင့်အညီ စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် အလေ့အထကို လိုက်နာကျင့်သုံးသည့် GMP နှင့်အညီ ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ယခင်က FDA ထောက်ခံချက်ရရှိသည့် ဆီစက် ၁၇ ခုရှိရာမှ ယခုအခါဆီစက် ၄၆ ခုအထိ ရှိလာပြီဖြစ်ကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ခြင်းဖြင့် နည်းပညာဗဟုသုတများရရှိပြီး FDA လက်မှတ် ရရှိရေး ပိုမိုဆောင်ရွက်သွားရန်လိုကြောင်း၊ သန့်ရှင်းကောင်းမွန်သည့် ဆီများထုတ်လုပ်နိုင်ရေး ဆီစက်များ တည်ဆောက်ရန် သဘောထားမှတ်ချက်များ တောင်းခံလာမှုနှင့် စက်မှုလုပ်ငန်းမှတ်ပုံတင် လျှောက်ထားလာမှုများကိုလည်း စက်မှုဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အမှာစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကမ္ဘာကျော် ဝတ္ထုဖြစ်သည့် Burmese Days ဝတ္ထုထဲမှ အဆောက်အအုံများကို မူလပုံစံအတိုင်းထားရှိရန် ဆောင်ရွက်နေ

**ကသာ ဇန်နဝါရီ ၅**

ကမ္ဘာကျော်ဝတ္ထုဖြစ်သည့် Burmese Days ဝတ္ထု၏ ဇာတ်ကောင်မြို့ဖြစ်သည့် ကသာမြို့ရှိ ဇာတ်ဝင်ခန်း နေအိမ်အဆောက်အအုံများနှင့် လမ်းများကို မူလပုံစံအတိုင်း ထားရှိပေးရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ကသာရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။



**Burmese Days ဝတ္ထု ရေးသားခဲ့သည့် ကမ္ဘာ့စာပေသမိုင်းတွင်ထင်ရှားသည့် စာရေးဆရာကြီးဂျော့အိုဝဲလ်၏ နေအိမ်နှင့် ပထမဆုံးအရေးပိုင်မင်းတို့၏နေအိမ်**

**ဒေသဆိုင်ရာပြတိုက်အဖြစ် ဆောင်ရွက်မည်**

ကသာမြို့တွင် ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအိမ်တစ်ဒါဇင်ကျော်ရှိကြောင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားသော အိမ်မှာ စာရေးဆရာကြီး ဂျော့အိုဝဲလ်အိမ်နှင့် ပထမဆုံးအရေးပိုင်မင်းတို့၏ အိမ်ဖြစ်ကြောင်း၊ အဆိုပါအိမ်နှစ်အိမ်ကို ဒေသဆိုင်ရာ ပြတိုက်အဖြစ် လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် အရေးပိုင်မင်း၏ အိမ်ကို ဒေသဆိုင်ရာ ပြတိုက်အဖြစ် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းနှင့် Burmese Days ဝတ္ထုထဲက ဇာတ်ဝင်ခန်း နေအိမ်အဆောက်အအုံများနှင့် လမ်းများကို နဂိုပုံစံအတိုင်း ထားရှိပေးရန် ဆောင်ရွက်နေကြောင်း ကသာရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးညိုကိုနိုင်က ပြောသည်။

“တိုင်းဒေသကြီး အစိုးရအဖွဲ့က ညွှန်ကြားပေးပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ ဝန်ကြီးချုပ်ကလည်း စိတ်ဝင်စားတယ်။ Burmese Days ဝတ္ထုထဲက မြို့လေးက ဒီမြို့လေးဖြစ်တယ်။ အဲဒီထဲက အခင်းအကျင်းတွေ အကုန်လုံးက အဲဒီအတိုင်းရှိနေတယ်။ ဇာတ်ဝင်ခန်း အိမ်တွေရှိတယ်။ ဇာတ်ဝင်ခန်း လမ်းတွေရှိတယ်။ ပြည်ပခရီးသွားတွေက ဒါကို Old Town အနေနဲ့ စိတ်ဝင်စားပြီး လာရောက်လည်ပတ်တယ်။ ဒီမြို့က နောက်နှစ်တစ်ရာအတွင်း ဘယ်လောက် ပြောင်းလဲ ပြောင်းလဲ Old Town အဖြစ်ပဲ ထားရှိရမယ်။ ခရီးသွားလုပ်ငန်းအတွက် အားပြုတဲ့နေရာဖြစ်တယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရင် ဒီကရတဲ့ ဝင်ငွေတွေက နိုင်ငံတော်ကို အကျိုးပြုတယ်။ ဒေသခံတွေအတွက်လည်း အလုပ်ကိုင်အခွင့်အလမ်းတွေ ဒီနေရာက ဆက်စပ်အကျိုးပြုရရှိသွားမှာမို့ ဒီအိမ်တွေကို ဒီအတိုင်းထားပေးဖို့ တိုင်းဒေသကြီးအစိုးရဆီကို တင်ပြထားတယ်”ဟု ၎င်းက ပြောသည်။

**မူလအတိုင်းထားရှိမည်**

ကမ္ဘာ့စာပေသမိုင်းတွင် ထင်ရှားသည့် စာရေးဆရာကြီးဂျော့အိုဝဲလ်၏ Burmese Days ဝတ္ထုထဲရှိ အခင်းအကျင်းများ၊ ဇာတ်ဝင်ခန်း အိမ်၊ လမ်းများ လက်ရှိအချိန်ထိ ရှိနေသည်ကို ကမ္ဘာလှည့်ခရီးသွားများက Walking to burmese days အဖြစ် စိတ်ဝင်တစား လာရောက် လေ့လာလေ့ရှိသောကြောင့် Town Plan တွင် နှစ်တစ်ရာအဆောက်အအုံများအား မူလအတိုင်းထားရှိရန် တင်ပြထားကြောင်း၊ ထိုသို့ တင်ပြထားရှိမှုသည်လည်း ကိုလိုနီစနစ်အား အားကျ၍ အဆောက်အအုံများကို ထိန်းသိမ်းလိုခြင်း မဟုတ်ကြောင်း၊ ကမ္ဘာ့စာပေထဲမှ မြို့တစ်မြို့ ဖြစ်သည့်အတွက် ကသာမြို့ရှိ ကိုလိုနီ ခေတ် အဆောက်အအုံများကို ထိန်းသိမ်းရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“လက်ရှိ ရှိနေတဲ့ နှစ်တစ်ရာ အဆောက်အအုံ၊ အိမ်တွေ၊ ဝင်းတွေထဲမှာ အခြားအဆောက်အအုံတွေ မလုပ်ဖို့ လိုပါတယ်။ ဌာနဆိုင်ရာ အိမ်တွေဆိုတော့ အိမ်ရဲ့ပတ်လည်မှာ ရုံးတွေ ဆောက်ချင်တယ်။ ဒါကို ကျွန်တော်တို့ လုံးဝလက်မခံပါဘူး။ ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေမှာလည်း ရှေးဟောင်း အဆောက်အအုံ ပရဝဏ်အတွင်း ဘာမှ ဆောက်လုပ်ခွင့် မရှိပါဘူး။ ကသာမှာရှိတဲ့ ကိုလိုနီခေတ်လက်ရာ အိမ်တွေကို တိုင်းဒေသကြီးအစိုးရ အကူအညီနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ” ဟု ကသာရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးညိုကိုနိုင်က ပြောသည်။

**သင်္ဘောများဖြင့် အများဆုံးလည်ပတ်**

ကသာမြို့သို့ ကမ္ဘာလှည့်ခရီးသွားများသည် ကုန်းလမ်းခရီးမှ လာရောက်လည်ပတ်မှု နည်းပါးပြီး မန္တလေးမြို့မှ ဧရာဝတီမြစ်အတိုင်း သင်္ဘောများဖြင့် အများဆုံး လာရောက်လည်ပတ်လေ့ရှိကြောင်း၊ ကသာမြို့သို့ တစ်လလျှင် ခရီးသွား သင်္ဘော ၁၀ စင်းကျော် ဝင်ရောက်လေ့ရှိပြီး သင်္ဘောတစ်စင်းလျှင် နိုင်ငံခြားခရီးသွားဧည့်သည် ၂၀ မှ ၇၀ ပါလေ့ရှိကြောင်း ကသာရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ထံမှ သိရသည်။

ကမ္ဘာလှည့်ခရီးသွားများသည် ထိုသို့ ခရီးသွားသင်္ဘောဖြင့် လာရောက်ခြင်းသည် သင်္ဘောပေါ်၌ အစားအသောက် တည်းခိုစရာနေရာ တစ်ပါတည်း ပါရှိသောကြောင့် ကသာမြို့ခံများအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးသောကြောင့် ရထားလမ်း၊ ကားလမ်းများမှ နိုင်ငံခြားခရီးသွား ဧည့်သည်များ ဝင်ရောက်လာစေရန် အတွက်လည်း ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

❑ *ကျော့ဖုံးမှ*

အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်း ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ပါဘုက်”သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၃၆ နာရီအတွင်း ကပ္ပလီကျွန်းစုသို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ပါဘုက်”၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ပါဘုက်”၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တီဗွီဓာတ်မှန်စက်တစ်လုံး၊ ECG စက်တစ်လုံးနှင့် အောက်ဆီဂျင်ထုတ်စက်နှစ်လုံး ပေးအပ်လှူဒါန်း

**ပန်းတနော် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ တီဗွီဓာတ်မှန်စက်တစ်လုံး၊ ECG စက်တစ်လုံးနှင့် အောက်ဆီဂျင်ထုတ်စက်နှစ်လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင်မိသားစုက လှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ အေးမင်းသန်း က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တီဗွီဓာတ်မှန်စက်တစ်လုံး၊ ECG စက်တစ်လုံး၊ အောက်ဆီဂျင်ထုတ်စက် တစ်လုံး စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၉၁၇ နှင့် မြန်မာငွေကျပ်ငါးသောင်း၊ အမေရိကန်ဒေါ်လာ ၉၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ထုတ်စက်တစ်လုံး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# နတ်တလင်းမြို့ ကလေးစာပေပွဲတော် ဒုတိယနေ့အထူးစည်ကား

**နတ်တလင်း ဇန်နဝါရီ ၅**

ကလေးငယ်များ အသိပညာဗဟုသုတကြွယ်ဝစေရန်၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်အတွက် ကျင်းပလျက်ရှိသော နတ်တလင်းမြို့ ကလေးစာပေပွဲတော် ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ အနီးပတ်ဝန်းကျင်မြို့များဖြစ်သော ဇီးကုန်းမြို့နှင့် ပေါင်းတည်မြို့များမှ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ၎င်းတို့၏ မိဘများ၊ ဆရာ ဆရာမများပါ လာရောက်ဆင်နွှဲကြသောကြောင့် အထူးစည်ကားလျက်ရှိသည်။ **(ယာပုံ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က "ဒီနေ့က နောက်ဆုံးနေ့ဖြစ်လို့ မြို့နယ်အတွင်းက ကလေးတွေရော၊ ဇီးကုန်းနဲ့ပေါင်းတည်မြို့တွေက ကလေးတွေရောလာကြတယ်။ မနေ့ကတော့ ငါးထောင်လောက် လာတယ်။ ဒီနေ့ပိုများတယ်။ အခုလိုကလေးတွေနဲ့ မိဘတွေ စာပေပွဲတော်ကို စိတ်ဝင်တစားလာရောက်တဲ့အတွက် ကျွန်မတို့ရဲ့ ရည်ရွယ်ချက် ရာနှုန်းပြည့်အောင်မြင်တယ်" ဟု ပြောသည်။

ပေါင်းတည်မြို့ မှတ်တိုင်အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယတန်းကျောင်းသူ မဖြိုးသီရိဇော်က "သမီးကို ဆရာမက ဒီနေ့လိုက်ပို့ပေးတာ၊ ပြိုင်ပွဲတွေကို မပြိုင်ရသေးပါဘူး စာအုပ်တွေဖတ်ဖို့ ဝယ်ထားတယ်။ သမီးအလွန်ပျော်ပါတယ်" ဟု ပြောသည်။

နတ်တလင်းမြို့ ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိကြသော ကလေးငယ်များအား သွားလာနေထိုင်ရေးအခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် ပြိုင်ပွဲတစ်ခုစီတွင် နေ့ချင်းဆုများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စိုက်ပျိုးရေးသိပ္ပံသင်ခန်းစာများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်ခန်းစာများ ဖြည့်စွက်သင်ကြားပေးမည်

**နေပြည်တော် ဇန်နဝါရီ ၅**

စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေး သိပ္ပံဌာနခွဲနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) တို့ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေး




သိပ္ပံများ၏ သင်ရိုးညွှန်းတမ်းတွင် စိုက်ပျိုးရေး သိပ္ပံသင်ခန်းစာများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ခန်းစာများ ဖြည့်စွက်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးသိပ္ပံများ၏ သင်ရိုးညွှန်းတမ်းတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ခန်းစာများ ထည့်သွင်းသင်ကြားရေး (Occupational Safety and Health - OSH) ၏ တတိယအကြိမ်မြောက် (TOT) သင်တန်းကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက သင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် ထိတွေ့အသုံးပြုရသည့် ဓာတုပစ္စည်းသုံးစွဲမှု၊ စက်ကိရိယာ ပစ္စည်းကိုင်တွယ်မှု၊ ထိန်းသိမ်းမှုများတွင် အန္တရာယ်ကင်းစွာ အသုံးပြုတတ်စေရန်၊ ဓာတုပစ္စည်းများ မသုံးစွဲမီ စနစ်တကျသိမ်းဆည်းရန်၊ ကာကွယ်ရေးပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရန်နှင့် သန့်ရှင်းရေး စသည့်အချက်များကို လက်ရှိသင်ကြားပို့ချလျက်ရှိသော စိုက်ပျိုးရေးသိပ္ပံ၏ စာသင်နှစ်အလိုက် ဘာသာရပ်များတွင် ထည့်သွင်းသင်ကြားပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ပူးပေါင်း၍ တတိယအကြိမ်မြောက် (TOT) သင်တန်းအဖြစ် ဆွေးနွေးပို့ချပေးနေခြင်း ဖြစ်ကြောင်း ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၆၀၀၀ ကျော် လေ့လာသင်ယူလျက်ရှိပြီး ဘာသာရပ်ခြောက်ခုကို ပြဋ္ဌာန်းသင်ကြားပေးလျက်ရှိရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ခန်းစာများကို မကြာမီဖြည့်စွက်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

## အင်းစိန်မြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော်အကြို ဒိုးယိမ်းအကပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော မဟာမောဓဝဂ်ပါ(အာလိန်ငါးဆင့်) ဘုရားဝင်းအတွင်း ၂၇၅၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အကြို ဒိုးယိမ်းအကပြိုင်ပွဲကို ကရင်အမျိုးသားနှစ်သစ်ကူးကျင်းပရေးဗဟိုကော်မတီ(မဟာရန်ကုန်) ဥက္ကဋ္ဌ မန်းရွှေပြည်အေး က ယနေ့ညနေ ၆ နာရီခွဲက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် ကရင်အမျိုးသား၊ အမျိုးသမီးလေးများက တယောတူရိယာဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ကရင်အဆိုတော်များကလည်း ကရင်ရိုးရာတေးသီချင်း အကအလှုများဖြင့် ဆက်လက်တင်ဆက်ကြသည်။ ထို့နောက် ကရင်ဒိုးယိမ်း အကပြိုင်ပွဲကို ဝါးညှပ် (ညောင်တုန်း) ဒိုး၊ ဘုံကျော်(အားမာန်သစ်)ဒိုး၊ ပန်းတနော်(ပိတောက်စု)ဒိုး၊ ပန်းတနော် (ပိန်းကျောင်းရွာ)ဒိုး၊ ထန်းတပင်ဒိုး စသည့်ဒိုးယိမ်းငါးဖွဲ့က အလှည့်ကျ ယှဉ်ပြိုင်ခဲ့ကြသည်။

ကရင်နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်တွင် ကျင်းပပြီး ပြိုင်ပွဲဝင် ဒိုးယိမ်းအဖွဲ့များအား ဆုများ ဆက်လက်ချီးမြှင့်၍ သုံးရက်သုံးညတိုင်တိုင် ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲများဖြင့် စည်စည်ကားကားကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြောင်းမြမြို့နယ်၌ လူငယ်ရေးရာ မူဝါဒ မိတ်ဆက်ပွဲနှင့် လူငယ်တွေ့ဆုံပွဲ ကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် စကားမြားကျေးရွာအုပ်စု အထက်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီခရိုင်ကိုယ်စားလှယ်များဦးဆောင်၍လူငယ်ရေးရာမူဝါဒမိတ်ဆက်ပွဲနှင့် လူငယ်တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်ကိုယ်စားလှယ် ကိုရဲပိုင်နှင့် ကိုတင်ထွဋ်အောင်တို့က ဦးဆောင်၍ လူငယ်ရေးရာမူဝါဒပါ အခန်းကဏ္ဍတစ်ခုချင်းစီကို ရှင်းလင်းကြပြီး တက်ရောက်လာသော လူငယ်များက သိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။

"ယခုလို လူငယ်မူဝါဒမိတ်ဆက်ပွဲနှင့် လူငယ်တွေ့ဆုံပွဲကို ကျင်းပရတာကတော့ လူငယ်ရေးရာမူဝါဒကို လူငယ်တွေအနေနဲ့ သိရှိစေဖို့နဲ့ လူငယ်တွေ ပူးပေါင်းပါဝင်စေဖို့အတွက် ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ခရိုင်ကိုယ်စားလှယ် ကိုရဲပိုင်က ပြောသည်။

**စန္ဒာမိုး(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်အတွင်း ဆွာရွာမ-ငါးကြီးကွေ့ စစ်တောင်းမြစ်ကူးတံတား တည်ဆောက်မည်

**ရေတာရှည် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်သည် မြောက်မှတောင်သို့ စီးဆင်းလျက်ရှိရာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြသူများအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု များစွာ ဖြစ်ပေါ်လျက်ရှိရာ ဆွာမြို့နှင့် ဆက်သွယ်သွားလာနိုင်သော ငါးကြီးကွေ့-ဆွာရွာမ လမ်းပိုင်း၌ စစ်တောင်းမြစ်ကူးတံတား တစ်စင်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" ဇန်နဝါရီ ၁ ရက်နေ့က တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းအထိ ရောက်လာပြီး ဒေသခံပြည်သူတွေနဲ့ တွေ့တယ်။ ဒေသတွင်း အခက်အခဲရှိတာတွေကို တင်ပြခိုင်းတော့ လမ်းပိုင်းတွေ ရာသီမရွေးသွားလာနိုင်ဖို့ မြစ်ကူးတံတား တည်ဆောက်နိုင်ရေးတွေကို တင်ပြတဲ့အခါမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပေးမယ်ဆိုတော့ အားလုံးဝမ်းသာရပါတယ်" ဟု ပိတောက်ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေသူတစ်ဦးက ပြောသည်။ ပိတောက်ကုန်းကျေးရွာအုပ်စု၊ ခင်တန်းကြီးကျေးရွာအုပ်စု၊ နဂျပ်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာပေါင်းများစွာသည် ယင်းလမ်းပိုင်းမှ နေ့စဉ်စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များဖြင့် သွားလာလျက်ရှိကြပြီး မြစ်ကူး ကူးတို့မှသာ သွားလာကြရသည့်အတွက် စောင့်ဆိုင်းရသည့် အချိန်၊ ငွေကြေးကုန်ကျမှုများ ရှိသည့်အပြင် ညပိုင်း ကျန်းမာရေးမကောင်းသည့်အခါ ဆေးရုံ၊ ဆေးခန်းသို့ သွားလာကြရာ၌ အခက်အခဲများစွာ ကြုံတွေ့နေကြရခြင်း ဖြစ်သည်။

"၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တံတားတည်ဆောက်ဖို့ လုပ်ငန်းတွေ စတင်မယ်။ အခုမြစ်ကူး ကူးတို့နေရာကနေ အထက်ဘက်နည်းနည်းကျမယ်။ အခုနေရာက ကမ်းစားတာတွေလည်းရှိတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောသည်။ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသ ကျေးရွာဖြစ်သော ခင်တန်းကြီး၊ ကျိပ္ပတီး၊ ဆွာရွာမ၊ ပိတောက်ကုန်း၊ ကျွန်းကုန်း၊ နဂျပ်၊ ရွာသစ်၊ ကူးတို့ဆိပ်၊ မြောင်းတူး အစရှိသော ဒေသခံများသည် ဆွာမြို့သို့သွားရောက်သည့်အခါ ဆွာရွာမကျေးရွာချင်းဆက်လမ်းမှ စစ်တောင်းမြစ်ကို ဖြတ်ကူး၍ ငါးကြီးကွေ့မှတစ်ဆင့် ဆွာမြို့သို့ သွားလာနေကြရပြီး စစ်တောင်းမြစ်ကူးတံတားတည်ဆောက် ပြီးစီးသွားပါက နေ့ည အချိန်မရွေး သွားလာနိုင်တော့မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ဒေသတွင်း၌ များစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**သန်းလွင်**



ကျေးရွာချင်းဆက် စစ်တောင်းမြစ်ကူး ယာယီတံတား။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ရမ်ကလောင်းတွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် သီပေါမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် တီးတိန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၇ လက်မ ဖြစ်သည်။ **မိုး/ဇလ**



# နေပြည်တော် ဥတ္တရသီရိမြို့နယ် ချင်းရွာ၌ သံဃာတော် အပါး ၁၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ချင်းရွာ၌ ပျဉ်းမနားမြို့အုံးတောပရိယတ္တိစာသင်တိုက်မှ စာသင်၊ စာချဆရာတော်၊ သံဃာတော် အပါး ၁၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြုလုပ်သည်။

ဆရာတော်၊ သံဃာတော်များသည် စီတန်းလှည့်လည်၍ တစ်လမ်းဝင်တစ်လမ်းထွက် ကြွချီတော်မူရာတွင် စေတနာရှင် အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်၊ လှူဖွယ် ပစ္စည်းအစုစုနှင့် ဝတ္ထုငွေများ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြကြောင်း သိရသည်။

"အရင် ချင်းရွာမြို့ပြမဖြစ်ခင်က ဒီလိုပဲ ဆွမ်းဆန်စိမ်းအဖြစ်နဲ့ အရပ်ဒေသမှာရှိတဲ့ ဆရာတော်ကို လျှောက်ထားပြီးတော့ လောင်းလှူပွဲကျင်းပတယ်။ အဲဒီတုန်းက ငါးကြိမ်မြောက် ကျင်းပခဲ့တယ်။ အခု ဥတ္တရသီရိချင်းရွာမြို့ပြဖြစ်လာချိန်မှာတော့ ဒီနှစ်နဲ့ဆို (၁၁)ကြိမ်မြောက်ရှိပါပြီ"ဟု ကပ္ပိယ ဦးဌေးအောင်က ပြောသည်။

**လူမော်၊ ဓာတ်ပုံ-ရင်မောင်**

# မြစ်သာမြစ်ကူး မြစ်သာတံတား(ဂန့်ဂေါ) ဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၅**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါ- အနောက်ဂန့်ဂေါ မြစ်သာမြစ်ကူး မြစ်သာတံတား (ဂန့်ဂေါ)ဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက မြစ်သာတံတား (ဂန့်ဂေါ) ဂန့်ဂေါဘက်ထိပ်၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ တံတားအင်ဂျင်နီယာချုပ် ဦးသိန်းအောင်၊ ရပ်မိရပ်ဖ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းကြကာ တံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်တို့က အမှာစကားပြောကြားကြပြီး တံတားအထူးအဖွဲ့(၃) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇင်ထွေးက တံတားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲသို့ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တံတားကို တံတားခန်းဖွင့် ပေ ၁၀၀ (မီတာ ၃၀) ×၈ ခန်းဖြင့် တံတားအရှည် ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းပါဆောက်လုပ်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၃)က ဆောက်လုပ်ခြင်းဖြစ်ကာ စီမံကိန်းတန်ဖိုးရန်ပုံငွေရရှိမှု (တံတား ကျပ် ၂၂၆၃+ ၂၈၀ သန်း၊ လမ်း ကျပ် ၅၀၀ သန်း) တို့ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြစ်သာမြစ်ကူးတံတား (ဂန့်ဂေါ)ကို ဆောက်လုပ်ထားသဖြင့် ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါကျေးရွာသာမက အနီးပတ်ဝန်းကျင်ရှိ ရှုံးရှီ၊ အုပ်လှ၊ တောင်ပြင်၊ မကျည်းခင်၊ ဇီးပြားကျေးရွာတို့နှင့် ဆက်သွယ်သွားလာမှု လွယ်ကူသွားသည့်အပြင် ချင်းပြည်နယ်သွား ဂန့်ဂေါ-အိုက်ကာ ကားလမ်းနှင့်ပါ ချိတ်ဆက်နိုင်သည့်အတွက် ဆက်သွယ်သွားလာမှု လွယ်ကူသွားကာ ခရီးသည်နှင့် ကုန်စည်သွားလာကူးသန်းမှု အဆင်ပြေသွားကြောင်း သိရသည်။

**စိန်ကျော်**



# ရွှေကူမြို့၌ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**ရွှေကူ ဇန်နဝါရီ ၅**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရွှေကူမြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်ယု၊ ရွှေကူမြို့နယ် တရားသူကြီး ဦးမင်းမောင်မောင်၊ မြို့နယ်လဝကမှူး ဦးဝေလင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ၊ မိခင်နှင့်ကလေး အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်အတူ ပြည်သူ ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ကျောက်မဲ-မိုင်းလုံ-လဲကြီးကားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**ကျောက်မဲ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျောက်မဲ-မိုင်းလုံ-လဲကြီးကားလမ်းသည် ကျောက်မဲခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကျောက်မဲနှင့် မိုးကုတ်သို့ဆက်သွယ်နေသော အဓိကကားလမ်းမကြီးဖြစ်ပြီး မိုင်အားဖြင့် ၇၅ မိုင် ၁ ဖာလုံရှိသည်။

အဆိုပါလမ်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းက ကတ္တရာလမ်း ၁၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၃၇ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ခြောက်မိုင်ဖြစ်ရာ ထို့ကြောင့် ဒေသတွင်း ရာသီမရွေး သွားလာနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်မဲခရိုင်လမ်းဦးစီးဌာနက လမ်းမိုင်အားလုံးအား ၁၂ ပေအကျယ် ကတ္တရာကားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ၁၈ ပေချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂ မိုင် ၃ ဖာလုံ ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်လက်၍ လမ်းမိုင်အားလုံး ၁၈ ပေချဲ့၍ ကတ္တရာကားလမ်းအဖြစ် ရောက်ရှိရန် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါကားလမ်းသည် မိုင်အားလုံး ကတ္တရာလမ်းဖြစ်သွားသဖြင့် မူဆယ်လားရှိုးမှ မိုးကုတ်၊ မိုးမိတ်မြို့များသို့ သွားသော လူစီးယာဉ်ငယ်လေးများ အတွက် ယခင်က မန္တလေးမြို့မှပတ်၍ သွားနေရသော်လည်း ကျောက်မဲမှ တစ်ဆင့် ဖြတ်သန်းသွားလာ မောင်းနှင်နိုင်တော့မည်ဖြစ်ပြီး ဂုတ်တွင်းလမ်း ပိတ်ဆို့မှု ဖြစ်ပေါ်ပါကလည်း ရှောင်ကွင်းလမ်းအဖြစ် အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# ဒလမြို့နယ်၌ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများကျင်းပ နိုင်ငံခြားသားဧည့်သည်များ ပါဝင်ဆင်နွှဲ

**ရန်ကုန် ဇန်နဝါရီ ၅**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင် အခမ်းအနား၊ သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဗိုလ်တေဇ အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က စည်ကားစွာကျင်းပခဲ့ရာ ဒေသခံပြည်သူများနှင့်အတူ နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နိုင်ငံတော်အလံတင် အခမ်းအနားကိုနံနက် ၄ နာရီ မိနစ် ၂၀ က စတင်ကျင်းပကာ နိုင်ငံတော်အလံကို လွှင့်ထူအလေးပြုပြီးနောက် မြန်မာနိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ ဒေသခံပြည်သူများ၊ ကလေးငယ်များနှင့်အတူ နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး အနိုင်ရရှိသော နိုင်ငံခြားသားများအား အမှတ်တရ အားကစားအကျီများ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# တနသ်ာရီမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ



**တနသ်ာရီ ဇန်နဝါရီ ၅**
မြိတ်ခရိုင် တနသ်ာရီမြို့နယ် ပဝကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ကရင်နှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူး၍ ဇန်နဝါရီ ၅ရက် နံနက် ၈ နာရီခွဲက ကရင်သက္ကရာဇ် ၂၇၅၈ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။(**ယာပုံ**)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြိတ်မြို့နယ် ပြင်းငယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ ၊ တနသ်ာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC-S)ဒုတိယဥက္ကဋ္ဌ စရောဝင်း၊ တနသ်ာရီမြို့နယ် KNU ကရင်အမျိုးသားအစည်းအရုံး တွဲဘက်အတွင်းရေးမှူး ဖဒိုစောဘားနေတို့က ကရင်နှစ်သစ်ကူးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် သာယာကုန်းကျေးရွာမှ ကရင်တိုင်းရင်းသားများက ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီးနောက် အလှူငွေများ ပေးအပ်ခဲ့ကြသည်။ ဆက်လက်ပြီး ယနေ့ ည ၈ နာရီမှစ၍ သာယာကုန်းရွာပဝထိန်ကျေးရွာ၊ ဖိုးမဲကျေးရွာ တို့မှ ကရင်ဒုံးယိမ်းအကအဖွဲ့များက မိုးလင်းပေါက် ကပြဖျော်ဖြေပေးကြမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သာကေတမြို့သစ်တည် နှစ် (၆၀)ပြည့် အခမ်းအနားကျင်းပ




ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများ သာကေတမြို့အဝင် ဆိုင်းဘုတ်သစ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

**ရန်ကုန် ဇန်နဝါရီ ၅**
သာကေတမြို့တည်နှစ်(၆၀)ပြည့် အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၅ နာရီက စတင်ကျင်းပရာ မြို့နယ်လုံးကျွတ်ဆွမ်းကပ်ပွဲကို ဇိနမာန်အောင်ဘုရားဝင်း ဝိမုတ္တိရသဗိမာန်တော်၌ ကျင်းပပြီး နံနက် ၇ နာရီတွင် မင်းနန္ဒာလမ်းနှင့် ဧရာဝဏ်လမ်းဆုံရှိ မြို့အဝင် ဆိုင်းဘုတ်သစ်ဖွင့်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

နံနက် ၉ နာရီတွင် မြို့သစ်တည် အခမ်းအနားကို ၂/တောင် ရပ်ကွက်ရှိ Fortune Plaza ပြပွဲခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဖရူဆိုမြို့နယ်၌ အခြေခံလျှပ်စစ်သင်တန်းဖွင့်

**ဖရူဆို ဇန်နဝါရီ ၅**
ကယားပြည်နယ် ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံလျှပ်စစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၉) ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ထီးပေါ်ဆိုကျေးရွာ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ အခြေခံလျှပ်စစ်သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပဲ့ဒူ၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူအောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ အား ၁၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(မယ်စဲ့)**

# ထန်တလန်မြို့၌ တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်

**ထန်တလန် ဇန်နဝါရီ ၅**
ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ မြို့နယ်တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗန်ထောင်း၊ ထန်တလန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟားခါးမြို့တိုင်းရင်းဆေးကုဌာနမှ ဆေးရုံအုပ် ဒေါ်နီနီဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ အော်ဂဲနစ်ဈေး ပေါ်ထွက်လာတော့မည်

**ပြင်ဦးလွင် ဇန်နဝါရီ ၅**
မီးဖိုချောင်သုံးစိုက်ပျိုးသီးနှံနှင့် ဟင်းသီးဟင်းရွက်များတွင် ဓာတုဗေဒဆေးဝါးများဖြစ်သော ဓာတ်မြေသြဇာ၊ သီးနှံနှင့်ရွက်ဖျန်းဆေးများ၊ ပိုးသတ်ဆေးများ အလွန်အမင်း သုံးစွဲလာခြင်းတို့ကြောင့် စားသုံးသူတို့ကို ယခုအခါ အဆိုပါသီးနှံနှင့် ဟင်းသီးဟင်းရွက်တို့က အန္တရာယ်ပြုလျက်ရှိလေရာ သီးနှံပင်များ၌ ဓာတုဗေဒဆေးဝါးများကင်းစင်သော အော်ဂဲနစ်ဈေးတစ်ခုကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့ သဘာဝစိုက်ပျိုးသူများအသင်းဥက္ကဋ္ဌ ဦးပီတာ၏ ပြောပြချက်အရ သိရသည်။



“ဒီနေ့ကာလ ပြင်ဦးလွင်မြို့နယ်အတွင်းမှာ အော်ဂဲနစ်သီးနှံတွေကို သီးသန့်စိုက်ပျိုး ထုတ်လုပ်နေသူတွေရှိသလို ဓာတုဗေဒဆေးဝါးတွေ ကင်းစင်တဲ့ သီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေကို ဝယ်ယူစားသုံးလိုသူ မိဘပြည်သူတွေ ရှိလာပါပြီ။ ဒါပေမယ့် စိုက်ပျိုးထုတ်လုပ်သူတွေနဲ့ ဝယ်ယူစားသုံးသူတွေ အချိတ်အဆက်မိစေနိုင်တဲ့ ဈေးကွက်မရှိသေးလို့ အော်ဂဲနစ်ဈေးတစ်ခုကို ဖွင့်လှစ်ရောင်းချသွားတော့မှာပါ” ဟု ပြောကြားခဲ့သည်။

ထို့အပြင် အော်ဂဲနစ်ဈေးဖွင့်လှစ်ရောင်းချခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအချင်းချင်း နည်းပညာများ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အသိပညာ ဖလှယ်နိုင်ခြင်း၊ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်ခြင်း သီးနှံမျိုးစုံ ထုတ်လုပ်လာနိုင်ခြင်း၊ စိုက်ပျိုးမြေများကို စနစ်တကျ ထိန်းသိမ်းလာနိုင်ခြင်း၊ တောင်သူတို့၏ဘဝကို မြှင့်တင်လာနိုင်ခြင်း၊ ဒေသရင်းမျိုးစိတ် မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်နိုင်ပြီး အရည်အသွေး ကောင်းမွန်လာစေခြင်း၊ နိုင်ငံခြားထွက်ငွေများကို ထိန်းချုပ်သွားနိုင်ခြင်း၊ တောင်သူဈေးကွက် မကွယ်ပျောက်အောင် ကာကွယ်ပေးနိုင်ခြင်း၊ မိသားစုအလိုက် တစ်ပိုင်တစ်နိုင်ဈေးပျိုးရောင်းချနိုင်ခြင်း၊ မြန်မာ့စိုက်ပျိုးသီးနှံများ တန်ဖိုးမြင့်မား တိုးတက်လာနိုင်စေခြင်း စသည့် များပြားလှသည့် အကျိုးကျေးဇူးများ ရရှိစေမည့်အပြင် စားသုံးသူများအတွက် အန္တရာယ်ကင်းဝေးစေမည့် အကျိုးရလဒ်များ ရရှိစေနိုင်ကြောင်း ပြောကြားသည်။

ယခုအခါ အော်ဂဲနစ်ဈေးကို ပြင်ဦးလွင်မြို့၌ မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၈/၀)၌ ဖွင့်လှစ်ရောင်းချပေးနေပြီး ပြင်ဦးလွင်ဒေသထွက် မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီ၊ ဆလတ်၊ ဂေါ်ရခါး၊ ဖရုံ၊ စတော်ဘယ်ရီ၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး စသည့်သီးနှံမျိုးစုံတို့ကို ရောင်းချပေးနေကြောင်း၊ မကြာမီအချိန်အတွင်း ပိုမိုကျယ်ပြန့်ကြောင်း၊ လူသိများစည်ကားသည့် အော်ဂဲနစ်ဈေးအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# သီပေါအရှေ့တောင်ဒေသမှ တိုက်ပွဲရှောင်ဒေသခံများ ဘုန်းတော်ကြီးကျောင်းများ၌ ခိုလှုံလျက်ရှိ

**သီပေါ ဇန်နဝါရီ ၅**
ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်အကွာ သီပေါမြို့နယ် နမ့်ရမ်းကျေးရွာအုပ်စု နားမခေါ်ကျေးရွာအုပ်စုနှင့် ကုန်းဆော့ကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာများအနီးတွင် လက်နက်ကိုင်အဖွဲ့အစည်းများ သွားလာလှုပ်ရှားလျက်ရှိသဖြင့် တိုက်ပွဲဖြစ်ပွားမည်ကို ဒေသခံပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုးရိမ်မကင်းမှုများကြောင့် နမ့်ရမ်းကျေးရွာအုပ်စု ကျစ်ဖွန်ကျေးရွာမှ ဒေသခံပြည်သူ ၃၈ ဦး၊ နားမခေါ်ကျေးရွာအုပ်စု တွန်ကြိုင်းကျေးရွာမှ ရှစ်ဦးတို့သည် သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ လည်းကောင်း၊ နားမခေါ်ကျေးရွာအုပ်စု နိုင်းလုံကျေးရွာနှင့် တွန်ကြိုင်းကျေးရွာမှ ဒေသခံ ၁၀၄ ဦးတို့သည် နားမခေါ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ ကုန်းဆော့ကျေးရွာအုပ်စု ခိုင်းရိုးကျေးရွာမှ ဒေသခံ ကိုးဦးနှင့် ကုန်းစုံ(နမ့်မော်လုံ)ကျေးရွာမှ ဒေသခံ ၅၄ ဦးတို့သည် နောင်ကော်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ နမ့်ရမ်းကျေးရွာအုပ်စု ကျစ်ဖွန်ကျေးရွာမှ ဒေသခံ ၄၉ ဦးတို့သည် ပန်ဆင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ နားဆန်းကောင်းဟုန်းကျေးရွာမှ ဒေသခံ ၇၈ ဦးတို့သည် နမ့်လန်မဇ္ဈိမရာမဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ ပေါ်ကြိုကျေးရွာအုပ်စု တွန်ကာကျေးရွာ ဓမ္မာရုံ၌ ဒေသခံ ၁၀၀ ၊ သီပေါ မြန်မာရပ်ကွက် မြို့လယ်ရွှေစေတီ ဘုန်းတော်ကြီးကျောင်း၌ ၃၅ ဦး စသည်ဖြင့် ယနေ့အထိ တိုက်ပွဲရှောင်ရန် ရောက်ရှိလာသူ ၁၂၃၇ ဦး လာရောက်ခိုလှုံလျက်ရှိသည်။

တိုက်ပွဲရှောင်ပြည်သူများ နေထိုင်စားသောက်ရေးကိစ္စများကို မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေး အဖွဲ့များက ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မဟာဗန္ဓုလလမ်းပေါ်ရှိ မော်တင်ဂိတ်ဖျားမှတ်တိုင်နေရာတွင် ယာဉ်ကြောပိတ်ဆို့မှုလျော့ကျ

**ရန်ကုန် ဇန်နဝါရီ ၅**
ဇန်နဝါရီ ၄ ရက်မှစ၍ မဟာဗန္ဓုလလမ်းပေါ် မော်တင်လူကူးခုံးကျော်တံတားအနီးရှိ YBS မှတ်တိုင်၌ ယခင်က ဂိတ်ဖျားမှတ်တိုင်အဖြစ် လာရောက်ရပ်နားခဲ့သော မြို့ပြင်သွားယာဉ်လိုင်းများဖြစ်သည့် ၂၀၊ ၃၅ နှင့် ၃၉ ယာဉ်လိုင်းများအနက် ခေတ်သစ်ဘုရင့်နောင်ကုမ္ပဏီ၏ ၂၀ နှင့် ၃၉ ယာဉ်လိုင်းများနှင့် POWER 11 ကုမ္ပဏီ၏ ၂၀ ယာဉ်လိုင်းမှ လိုင်းကားများ လာရောက်ရပ်နားခြင်းမရှိတော့ဘဲ ကမ်းနားလမ်း ညဈေးတန်းရှေ့ရှိ မော်တင်မှတ်တိုင်နေရာသို့ ပြောင်းရွှေ့ရပ်နားသဖြင့် မော်တင်မှတ်တိုင်တွင် ယာဉ်ပိတ်ဆို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တင်မှတ်တိုင်နေရာတွင် ယခင်က မြို့လယ်ဖြတ်လိုင်းကားများဖြစ်သော ၅၇ နှင့် ၈၉ ယာဉ်လိုင်းများ ရပ်တန့်သလို ၂၀၊ ၃၅ နှင့် ၃၉ ယာဉ်လိုင်းများလည်း ဂိတ်ဆုံးဂိတ်ဖျားအဖြစ် လာရောက်ရပ်တန့်နေသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်နီးပါးဖြစ်ခဲ့ပြီး မြို့တွင်းယာဉ်လိုင်းများကို စီးမည့်ခရီးသည်များအနေဖြင့် လမ်းလယ်ကြောသို့တက်၍ ယာဉ်ပေါ် အတက်အဆင်း ပြုလုပ်ခဲ့ရခြင်းများ ရှိခဲ့သည်။ ဇန်နဝါရီ ၄ ရက်မှစ၍ ၂၀ နှင့် ၃၉ ယာဉ်လိုင်းများ ညဈေးတန်းဘက်သို့ မှတ်တိုင်နေရာ ပြောင်းရွှေ့ရပ်နားမှုကို YRTA မှ တာဝန်ရှိသူ ဦးကာကျော်၊ YRTA မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများနှင့် ခေတ်သစ်ဘုရင့်နောင် အများပိုင်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဇော်မင်းတို့အဖွဲ့က အနီးကပ်လာရောက်ကြီးကြပ်ခဲ့သည်။

မော်တင်မှတ်တိုင်တွင် ၂၀ နှင့် ၃၉ ယာဉ်များ ရပ်နားခြင်းမပြုဘဲ ကမ်းနားလမ်း ညဈေးတန်းရှိ မော်တင်မှတ်တိုင်နေရာသို့ ပြောင်းရွှေ့ရပ်နားကာ ၃၅ ယာဉ်လိုင်းတစ်လိုင်းသာ ယခင်အတိုင်း ရပ်နားမည်ဖြစ်၍ မြို့တွင်းသွား ၅၇ နှင့် ၈၉ ယာဉ်လိုင်းများအတွက် မော်တင်မှတ်တိုင်နေရာတွင် ရပ်တန့်ရန် ပို၍အဆင်ပြေလာပြီး ယာဉ်ပိတ်ဆို့မှုများ လျော့ကျသလို ခရီးသည်များအနေဖြင့်လည်း ကားစောင့်ရန်နှင့် ကားစီးရန်အတွက် ပို၍အဆင်ပြေလာကြောင်း သိရသည်။ သို့ရာတွင် မှတ်တိုင်နေရာတွင် နေရာလွတ်များရှိလာသည်နှင့်အမျှ လိုင်းကားမဟုတ်သော ယာဉ်မျိုးစုံလည်း ရပ်နားလာနိုင်သဖြင့် မှတ်တိုင်နေရာတွင် လိုင်းကားများသာရပ်ရန် အမှတ်အသားများ ရေးဆွဲပေးသင့်သည်ဟုလည်း ယင်းနေရာအနီးတွင် နေသူတစ်ဦးက အကြံပြုသည်။

**ခင်ဆိုင်**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်
ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့်စာအုပ်ရောင်းပွဲ

(စစ်ကိုင်းမြို့)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၃၊ ၁၄)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ) နေ့များတွင် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့။

# အင်းစိန်မြို့နယ်တွင် ကျင်းပသည့် မီနီမာရသွန်ပြိုင်ပွဲ၌ အားကစားသမား သုံးရာကျော် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁) ကျောင်းရှေ့၌ အင်းစိန်မြို့နယ် ဒေသအားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TSDP) အရ အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၉ ဒသမ ၇ ကီလို မီနီမာရသွန်ပြိုင်ပွဲကို ကျင်းပရာ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီခွဲက အဆိုပါ အထက(၁) ကျောင်းရှေ့နှင့် မင်းကြီးလမ်း(ဗဟိုလမ်း)တွင် စုရပ်အဖြစ် သတ်မှတ်၍ အမျိုးသား အသက် ၁၆ နှစ်အထက်၊ ၁၆ နှစ်အောက်နှင့် အလွတ်တန်း အမျိုးသမီးတို့တွင် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၃၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်ထံမှ သိရသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ရာ ပြိုင်ပွဲဝင်အားကစားသမားများက မင်းကြီးလမ်း(ဗဟိုလမ်း)၊ မင်းကြီးလမ်းမှ အောက်မင်္ဂလာဒုံလမ်းအတိုင်း သီရိမင်္ဂလာလမ်း(ဂျပန်လမ်း) အတွင်းဝင်ရောက်ကာ ယင်းလမ်းမှ ပြည်လမ်း၊ ပြည်လမ်းမှ လမ်းသစ်လမ်း၊ လမ်းသစ်လမ်းမှ မင်းကြီးလမ်း(ဗဟိုလမ်း) အထက(၁) ကျောင်းရှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

မီနီမာရသွန်ပြိုင်ပွဲဝင် အားကစားသမားများကို အတန်းလိုက်ဆုချီးမြှင့်ရာ အမျိုးသား ၁၆ နှစ် အထက်၊ ၁၆ နှစ်အောက်နှင့် အမျိုးသမီး(အလွတ်တန်း) အဆင့်လိုက် ဆုရရှိကြသူများကို မြို့နယ်အားကစားမှူး ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၂ နှစ်အောက် ဘောလုံးပြိုင်ပွဲ ပြင်ဦးလွင်ခရိုင်အသင်း ဗိုလ်စွဲ

**မန္တလေး ဇန်နဝါရီ ၅**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၂ နှစ်အောက် (၇)ခရိုင် ကျောင်းပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပြင်ဦးလွင်ခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယနေ့ ညနေ ၃ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရ ဗိုလ်စွဲသွားသည်။



ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် နေရာအလိုက်ဆုရရှိကြသော ဂိုးဆုရ မိတ္ထီလာခရိုင်မှ စိုင်းစိုင်း၊ နောက်တန်းဆုရ ကျောက်ဆည်ခရိုင်မှ ချမ်းသူ၊ အလယ်တန်းဆုရ ပြင်ဦးလွင်ခရိုင်မှ ဖုန်းမြတ်သျှန်၊ ရှေ့တန်းဆုရ မြင်းခြံခရိုင်မှ ရဲနောင်၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ပြင်ဦးလွင်ခရိုင်မှ အောင်အောင်တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်နှင့် ဦးငြိမ်းသစ်၊ KT ဆောက်လုပ်ရေးမှ ဦးကျော်သက်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦးနှင့် ဦးဇော်ဇော်အောင်တို့က တစ်ဦးချင်း ထူးချွန်ဆုများနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ မြင်းခြံခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်းတို့ကို တိုင်းဒေသကြီးလျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ဆုငွေကျပ်တစ်သိန်းခွဲစီနှင့် ဒုတိယဆုရ မိတ္ထီလာခရိုင်အသင်းမှ အားကစားသမားများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းက တစ်ဦးချင်းဆုများကို ချီးမြှင့်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဒုတိယဆုရအသင်းအား ဆုငွေကျပ် ငါးသိန်းချီးမြှင့်ခဲ့သည်။

ယင်းနောက် အိမ်ရှင် မန္တလေးခရိုင်အသင်းအား ပြိုင်ပွဲ အဓိကပံ့ပိုးအလှူရှင် YDPP ကော်မတီဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ် (သံလွင်မြန်မာ)က ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ပထမဆုရ ပြင်ဦးလွင်ခရိုင်အသင်းမှ အားကစားသမားများကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေးက တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပထမဗိုလ်စွဲခဲ့သည့် ပြင်ဦးလွင်ခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာ ယူ-၂၂ အသင်း အိုမန်၊ ကာတာတို့နှင့်ခြေစမ်းရန် ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာ ယူ-၂၂ အသင်းသည် အရှေ့အလယ်ပိုင်းအသင်းများဖြစ်သည့် အိုမန်၊ ကာတာ ယူ-၂၂အသင်းတို့နှင့် ခြေစမ်းရန်ယနေ့နံနက်ပိုင်းက အိုမန်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အသင်းသည် အိုမန် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အိုမန်နိုင်ငံသို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းတွင် **အဖွဲ့ခေါင်းဆောင်-**ဦးကိုကိုသိန်း၊ **နည်းပြချုပ် -** ဦးကြည်လွင်၊ **လက်ထောက်နည်းပြ-** ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကစားသမားများအဖြစ် **ဂိုး-**ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ **နောက်တန်း-** စိုးမိုးကျော်၊ ဝင်းမိုးကျော်၊ ရဲရင့်အောင်၊ ဖွဲ့ထက်မင်း၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ဇင်ရဲနောင်၊ ကျော်သူထွန်း၊ **အလယ်တန်း-** မြတ်ကောင်းခန့်၊ မင်းကိုကို၊ လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊**ရှေ့တန်း-** ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ ချမ်းငြိမ်း၊ ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီတွင် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဇန်နဝါရီ ၇ ရက်တွင် အိုမန် ယူ-၂၂ အသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# MFF ချာရတီဖလားပြိုင်ပွဲအဖြစ် ရန်ကုန်နှင့် ရှမ်းယူနိုက်တက် ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၅**

၂၀၁၉ ရာသီကြို MFF ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ရာသီအမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရာသီကြို ချာရတီဖလားပြိုင်ပွဲကို ၂၀၁၂ ရာသီတွင် စတင်ကျင်းပခဲ့ပြီး အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းကို ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။

ရန်ပုံငွေပြိုင်ပွဲ ဖြစ်သောကြောင့် ဘောလုံးပွဲမစတင်မီ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဇော်ပိုင်၊ ဖြိုးကြီး၊ မိုးမိုး၊ ဝေလျှံ၊ ဖွဲ့ပြည့်၊ ချစ်စနိုးဦး၊ ဆုပန်ထွာ စသည့်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၂၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ရရှိသည့် ကွင်းဝင်ကြေးအားလုံးကို လှူဒါန်းမည်ဖြစ်ရာ ပရိသတ်များအနေဖြင့် ဘောလုံးပွဲကြည့်ပြီး ကုသိုလ်ရမည့် အခွင့်အရေးပင်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၂ ရာသီမှစ၍ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့ကို ရာသီကြိုချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေခဲ့ပြီး ယခုအကြိမ်မှာ ရှစ်ကြိမ်မြောက်ကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။ ချာရတီဖလားပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်၌ ရောဝတီအသင်းက ရန်ကုန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခုနစ်ဂိုး-ငါးဂိုး၊ ၂၀၁၃ ခုနှစ်၌ ရန်ကုန်အသင်းက ရောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၄ ခုနှစ်၌ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၅ ခုနှစ်၌ ရောဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၆ ခုနှစ်၌ ရန်ကုန်အသင်းက ရောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ၂၀၁၇ ခုနှစ်၌ မကွေးအသင်းက ရတနာပုံအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ၂၀၁၈ ခုနှစ်၌ ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲတစ်လျှောက် သုံးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။



၂၀၁၈ ချာရတီဖလားပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခဲ့စဉ်။
ဓာတ်ပုံ-စိုးညွန့်

ကျင်းပပြီးစီးသွားသည့် ချာရတီဖလားပြိုင်ပွဲ ခုနစ်ကြိမ်တွင် ရန်ကုန်အသင်းက သုံးကြိမ်၊ ရောဝတီအသင်းက နှစ်ကြိမ်၊ ရှမ်းယူနိုက်တက်နှင့် မကွေးအသင်းက တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

# မန်ယူတို့ အိမ်ကွင်းအနိုင်ရခဲ့သည့် အက်ဖ်အေဖလား တတိယအဆင့်

အင်္ဂလန်အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် မန်ယူနှင့် ရီးဒင်းပွဲတွင် အိမ်ရှင်မန်ယူအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဧည့်သည် ရီးဒင်းအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၂၂မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီကန်ခွင့်ရကာ မာတာက အဖွင့်ဂိုးအဖြစ် ပြောင်းလဲခဲ့ပြီး ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် တိုက်စစ်မှူး လူကာကူက မန်ယူအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဧည့်သည် ရီးဒင်းအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်အထိ ခြိမ်းခြောက်နိုင်ခဲ့ရာ မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်သာ ရရှိခဲ့သည်။ ယနေ့ပွဲ အနိုင်ရရှိသည့် မန်ယူအသင်းသည် နည်းပြသစ် ဆိုးလ်ရှား၏ ငါးပွဲမြောက် နိုင်ပွဲဖြစ်ခဲ့သည်။

ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ထရန်မဲရီဗာနှင့် စပါးပွဲစဉ်တွင် စပါးအသင်း အဝေးကွင်း၌ ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ စပါးအတွက် အနိုင်ဂိုးများကို ပွဲချိန် မိနစ် ၄၀ နှင့် ၅၅ မိနစ်တွင် ဆာဂျီအူရီယာ၊ ၄၈ မိနစ်၊ ၇၁ မိနစ် နှင့် ၇၂ မိနစ်တွင် လော်ရန်တီက ဟက်ထရစ်သွင်းယူခဲ့ပြီး ၅၇ မိနစ်တွင် ဆွန်ဟောင်မင်နှင့် ၈၂ မိနစ်တွင် ဟယ်ရီကိန်းက သွင်းယူခဲ့သည်။

အက်ဖ်အေဖလား အခြားပွဲစဉ် ရလဒ်များအဖြစ် ရှက်ဖီးဝမ်းနက်စ်ဒေးနှင့် လူတန်တောင်းမှာ ဂိုးမရှိ သရေကျခဲ့ပြီး ဝက်စ်ဟမ်းက ဘာမင်ဂမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘန်လေက ဘန်စလေကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဘရွန်းက ဝီဂန်ကို တစ်ဂိုး-ဂိုးမရှိနှင့် ဘရိုက်တန်က ဘုန်းမောက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရှရီဘူရီနှင့် စတုတ်စီးတီးမှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ချယ်လ်ဆီးအသင်းက နော်တင်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အဲဗာတန်က လင်ကွန်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့်အနိုင်ရရှိခဲ့ပြီး ဒါဘီနှင့် ဆောက်သမ်တန်မှာ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**



# မုံရွာမြို့ မြို့သစ်ရပ်ကွက်၌ မီးအားမြင့်စက် အပူလွန်ကဲပြီး မီးလောင်၊ အဆောက်အအုံနှစ်လုံးနှင့် အထည်အလိပ်များ ဆုံးရှုံး



**မုံရွာ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်း နယ်မြေ(၁)ရှိ ပိုလာဖီးအထည်ဆိုင်တွင် မီးအားမြင့်စက် အပူလွန်ကဲပြီး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်း နယ်မြေ (၁) နေ ကျော်မြတ်မင်း၏ ဆင်ဖြူတော်(၂)ပိုလာဖီး အထည်ဆိုင်တွင် ဇန်နဝါရီ ၄ ရက် ည ၉ နာရီ မိနစ် ၄၀ ခန့်က မီးအားမြင့်စက်အသုံးပြုရာမှ အပူလွန်ကဲပြီး မီးလောင်ခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ မီးလောင်ရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးညီညီဇော်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၁၄ စီး၊ ရေသယ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၀ နာရီ ၂၂ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ယင်းမီးလောင်မှုကြောင့် နှစ်ထပ်အဆောက်အအုံတစ်လုံး၊ ဂိုဒေါင်တစ်လုံး၊ တီဗွီ၊ ဗီဒီယိုပြစက်၊ မီးအားမြင့်စက်၊ ရေခဲသေတ္တာ၊ အိမ်သုံးမီတာတစ်လုံး၊ ပိုလာဖီးအထည်လိပ် ၁၀ လိပ်၊ အဝတ်အထည်မျိုးစုံ၊ အင်ဂျင်ဝိုင်အဟောင်း ဂါလန် ၅၀ ခန့်ပါ ပီပါနှစ်လုံးတို့ မီးလောင်ပျက်စီးခဲ့သောကြောင့် ကျော်မြတ်မင်းကို မုံရွာမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၆-၁-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "ပခန်းကြီးမြို့ဟောင်းမှာ ထင်ပေါ်ကျော်ကြားစည်သူရှင် သရက္ခန်ဘုရား"
- ၈း၄၀ - "(၄၇) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စကားဝိုင်း"
- ၁၀း၀၀ - Sunday Talk
- ၁၁း၀၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ဂျပန်ရှင်သွေး" (ဦးညီပု၊ ဦးတင်ဖေ၊ တာကာအို) (ဒါရိုက်တာ- အီဒါမာစံ၊ မြို့ကိုရို၊ အိုဂါဆာဝါရ)

**ညပိုင်း**

- ၁၅း၁၅ - MFF Charity Cup 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Yangon United FC Vs Shan United FC)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၅၅)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ကရင်တိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ"
- တမ်းတမ်းတတ ဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (တတိယခေတ်) (မင်းသမီး-နန်းခင်မွှေး၊ လူရွှင်တော်-စံလင်း၊ စပ်ပြုံ၊ လိပ်မ၊ ဇာတာ)

## မူဆယ်တွင် ကဖင်း ၄၂၅၀ ကီလိုနှင့် အမိုနီယမ်ကလိုရိုက် ၁၇၅၀ ကီလို သိမ်းဆည်းရမိ

**မူဆယ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုနောင်ကျေးရွာလမ်းခွဲ ကျင်စန်းကျော့လမ်းအတိုင်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ပေါ်မှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက နယ်မြေခံတပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဟိုနောင်ကျေးရွာလမ်းခွဲ ကျင်စန်းကျော့လမ်းအတိုင်း ယာဉ်မောင်းတွမ်ရင်ရိန်း မောင်းနှင်ပြီး ရန်ဆိုင်လျန်လိုက်ပါလာသည့် YGN 3Q/---- အီစူဇူး ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေရာ ကဖင်း ၄၂၅၀ ကီလို (ကာလတန်ဖိုးငွေကျပ် ၃၁၈၇ သိန်းကျော်)၊ အမိုနီယမ်ကလိုရိုက် စုစုပေါင်း အလေးချိန် ၁၇၅၀ ကီလို (ကာလတန်ဖိုး ငွေကျပ်သိန်း ၃၅၀)၊ စတီးဘွိုင်လာအိုးအကြီးတစ်လုံး၊ စတီးဘွိုင်လာအိုးသေးတစ်လုံး၊ စတီးပေါင်းခံအိုးတစ်လုံး၊ လေးထောင့် စတီးတိုင်ကီတစ်လုံး၊ မွှေစက်လေးလုံး၊ ဖန်ပေါင်းချောင်းတစ်လုံး၊ အခြောက်ခံစက်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တွမ်ရင်ရိန်းနှင့် ရန်ဆိုင်လျန်တို့နှစ်ဦး **(ယာပုံ)** ကို မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မောင်တော၊ ပင်လောင်းနှင့် မိုးနဲမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီခွဲက မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု လသာ (အောက်) ကျေးရွာနေ ဆော်လု (ခ) ဆော်လိမ်မူလာ (ခ)အေဇာမျာ၏နေအိမ်ကို ရှာဖွေရာ မာမက်အာလောင်နှင့် အာစ်မော်တူလ္လာတို့ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး ၅၆၂၆ ပြားကိုလည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့ သံတဲကျေးရွာအနီးတွင် မောင်အိုမောင်းနှင်လာသော ဆိုင်ကယ်ရောက်ရှိလာ၍ရှာဖွေရာ ဘိန်းစိမ်း ၂၃ ဒသမ ၄ ကီလိုကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၃ ရက်က တပ်မတော်မှ မိုးနဲမြို့နယ် နားခံကျေးရွာအနီး မိုးနဲ-နမ့်စန်သွား ကားလမ်းတွင် ကျိုင်းတောင်းမြို့ဘက်မှ ကင်တာယာဉ်ရောက်ရှိလာ၍ ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားပြီး ယာဉ်ပေါ်ပါသူ အမျိုးသားသုံးဦးမှာ ဆင်းပြေးသွားကြောင်း၊ မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ ငွေကျပ် ၂၇၁၂ သိန်း တန်ဖိုးရှိ ဘိန်းစိမ်း ၄၅၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေ့ါဖုန်းယန်မြို့ ပိန္နဲရွာဟောင်းတွင် မိုင်းဟောင်းတစ်လုံးနင်းမိပေါက်ကွဲ၍ တစ်ဦးသေဆုံး

**ဗန်းမော် ဇန်နဝါရီ ၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေ့ါဖုန်းယန်မြို့ ပိန္နဲရွာဟောင်းတွင် သင်းခွေချပ်သွားရောက်ရှာဖွေဖမ်းဆီးနေစဉ် မိုင်းဟောင်းတစ်လုံးနင်းမိပေါက်ကွဲ၍ လူတစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဒေ့ါဖုန်းယန်မြို့ ဖာကေကျေးရွာနေ ဦးဆိုင်ကျိုးနှင့် ဦးဆီပေါင်းတို့နှစ်ဦးသည် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ဒေ့ါဖုန်းယန်မြို့ ပိန္နဲရွာဟောင်း၌ သင်းခွေချပ်ရှာဖွေဖမ်းဆီးနေစဉ် ဦးဆီပေါင်း (၄၅ နှစ်) သည် မိုင်းဟောင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ဦးဆိုင်ကျိုးမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မောင်တောမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၈၀၀၀ ကျော် သိမ်းဆည်းရမိ

**မောင်တော ဇန်နဝါရီ ၅**

မောင်တောမြို့၌ ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု (၄၆)နှင့် ပူးပေါင်းအဖွဲ့သည် မြို့မတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှသိန်းတို့နှင့်အတူ မြို့မဈေး တောင်ဘက်ဆိုင်တန်းတွင် ဖွင့်လှစ်ထားသည့် ဖုန်းနှင့်လျှပ်စစ်ပစ္စည်းများ ရောင်းချသည့် ဆိုင်ပိုင်ရှင် မိုဟာမတ်ဆူဖိုက်၏ နောက်ဘက်ပစ္စည်းလှောင်ခန်းအား စစ်ဆေးရာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၃၈၈၀၅၀၊ အလေးချိန် (၃၈ ဒသမ ၈၀၅) ကီလို၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၆၁ သိန်း တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ကွင်းဆက်တရားခံ ဖော်ထုတ်ဖမ်းဆီးရန်နှင့် အမှုဖွင့်ထားကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



## တန့်ဆည်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရွှေဘို ဇန်နဝါရီ ၅**

ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ငွေတိုး၏ ညွှန်ကြားချက်အရ တန့်ဆည်မြို့နယ် ယာယီရဲမှူး သန်းစိုး၏ ကြီးကြပ်မှုဖြင့် တန့်ဆည်မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ဝင်းနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက်က တန့်ဆည်မြို့နယ် ရွာသာယာရွာနှင့် ကုန်းရိုးကျေးရွာချင်းဆက်လမ်းတွင် ရှိုင်းထက်အောင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ အစစ်ဆေးမခံဘဲ ပြန်လည်ခုခံသဖြင့် ဝိုင်းဝန်းလုံးထွေးဖမ်းဆီးရခဲ့ပြီး ၎င်းထံမှ ဓားချွန်တစ်ချောင်း၊ ဘိန်းဖြူမှုန့် ၁၁ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၄ ပြားနှင့် မူးယစ်ဆေးဝါးရောင်းချရငွေကျပ် ၂၅၅၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## နောင်ချိုမြို့နယ်တွင် ဘိန်းဖြူ ၄၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သန့်ဇင်ဦး မောင်းနှင်ပြီး အောင်ချမ်းသူနှင့် ငြိမ်းချမ်းအောင်(ခ)ကိုငြိမ်းတို့ လိုက်ပါလာသော ဟွန်ဒိုင်းထရပ်အမျိုးအစား မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ဆပ်ပြာခွက် ၄၁၈၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၄၁ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀၀၀ နှင့် ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် သန့်ဇင်ဦး၊ အောင်ချမ်းသူနှင့် ငြိမ်းချမ်းအောင်(ခ)ကိုငြိမ်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြင်းမူမြို့နယ်၌ ရွှေထည်ပစ္စည်းများခိုးယူခဲ့သူအား မန္တလေးမြို့၌ဖမ်းဆီးရမိ

**မြင်းမူ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ မင်းရဲကျော်စွာရပ်ကွက်မှ ရွှေထည်ပစ္စည်းများ ခိုးယူသွားသူကို ဇန်နဝါရီ ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက်နေ ဒေါ်ခင်ဥမ္မာထွန်း၏ နေအိမ်အတွင်း သိမ်းဆည်းထားသော ရွှေထည်ပစ္စည်းများ ခိုးယူခံရသဖြင့် အရေးယူပေးရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မြတ်ထွန်း၊ စခန်းမှူး ဒုရဲမှူးစိုးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးစုံစမ်းခဲ့ရာ မန္တလေးမြို့ အောင်သမာဓိရွှေဆိုင်အမှတ်(၂)တွင် ဒေါ်ခင်ဥမ္မာထွန်းအမည်ပါ ရွှေဘောက်ချာဖြင့် ရွှေထည်ပစ္စည်းအချို့လာရောက်ရောင်းချသူ သန့်ဇင်ထက်ဆိုသူကို ဇန်နဝါရီ ၄ ရက်က ရွှေလက်ကောက်သုံးကွင်း၊ အလေးချိန်တစ်ကျပ်ခုနစ်ပဲသုံးရွေးနှင့် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအား မန္တလေးမြို့အမှတ်(၈)ရဲစခန်းတွင် စစ်ဆေးဖော်ထုတ်ချက်အရ ၎င်း၏နေအိမ်အတွင်း ခိုးယူထားသည့် ရွှေထည်ပစ္စည်းများ ဝှက်ထားကြောင်း သိရသဖြင့် ပျောက်ဆုံးခဲ့သော ရွှေထည်ပစ္စည်းများ ကာလတန်ဖိုး ငွေကျပ် ၁၈၈ သိန်း ၅ သောင်းကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ သန့်ဇင်ထက်ကို အရေးယူထားကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# ပါဘက်အပူပိုင်းမုန်တိုင်း ထိုင်းနိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၃၄၀၀၀ ခန့်ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**ဗန်ကောက် ဇန်နဝါရီ ၅**

နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဖြစ်မည်ဟု ခန့်မှန်းထားသော ပါဘက်အပူပိုင်းမုန်တိုင်းသည် ဇန်နဝါရီ ၄ ရက်က ထိုင်းနိုင်ငံတောင်ပိုင်း ကုန်းတွင်းပိုင်း နခွန်ဆီသန်မာရက်တ်ပြည်နယ်နှင့် ပက်တာနီပြည်နယ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ သုံးဦးသေဆုံးပြီး အချို့ပျောက်ဆုံးနေကာ အဆောက်အအုံများနှင့် သစ်ပင်များ လဲပြိုခဲ့ပြီး လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့သလို နေရာအတော်များများ ရေများဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ဇန်နဝါရီ ၅ ရက်အထိ အရှိန်မပျက်ပြယ်ဘဲ ဆက်လက်တိုက်ခတ်နိုင်သောကြောင့် ဒေသခံများနှင့် ခရီးသွားများ အပြင်မထွက်ကြရန် တာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ၁၉၆၂ ခုနှစ်က တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းတစ်ခုကြောင့် လူပေါင်း ၉၀၀ ကျော်သေဆုံးခဲ့သလို ၁၉၈၉ ခုနှစ်က တိုက်ခတ်ခဲ့သော ဂေးတိုင်ဖွန်းမုန်တိုင်းကြောင့် လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ်မုန်တိုင်းဝင်ရောက်မှုကိုလည်း အဆိုးရွားဆုံးဖြစ်မည်ကို စိုးရိမ်နေကြောင်း သိရသည်။

မုန်တိုင်းအရှိန်ကြောင့် ထိုင်းပင်လယ်ကွေ့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ အာဏာပိုင်များက ကူးတို့သင်္ဘောပြေးဆွဲမှုကို ရပ်ဆိုင်းစေခဲ့ကြောင်း သိရသည်။

ထို့အတူ အဆိုပါ မုန်တိုင်းသည် ထိုင်းနိုင်ငံတောင်ပိုင်း နာမည်ကျော် အပန်းဖြေကမ်းခြေများဆီ ရွေ့လျားမည်ဟု ခန့်မှန်းထားသည့်အတွက် ဒေသခံများနှင့် ခရီးသွားများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးတိုင်များ ပြိုလဲခဲ့ရာ လူပေါင်း နှစ်သိန်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ လူပေါင်း ၃၄၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုလှုံခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းသည် ဇန်နဝါရီ ၅ ရက်အထိ အနည်းငယ်ဆက်လက်တည်ရှိနိုင်သောကြောင့် အိမ်နီးချင်း မြန်မာနိုင်ငံရှိ ဒေသအတော်များများတွင် မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။



ထိုင်းနိုင်ငံတောင်ပိုင်း ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော ပါဘက်အပူပိုင်းမုန်တိုင်းကြောင့် ပျက်စီးနေသော နေရာတစ်ခုကို တွေ့ရစဉ်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# အမေရိကန် အစိုးရယန္တရား တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းမှု နှစ်နှင့်ချီကြာမြင့်နိုင်

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်-မက္ကဆီကို နယ်စပ်တံတိုင်းကာရံရေးကိစ္စ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် လွှတ်တော်အမတ်ခေါင်းဆောင်ပိုင်းများ ဇန်နဝါရီ ၄ ရက်က တွေ့ဆုံဆွေးနွေးမှုသည် အကြောင်းမထူးသောကြောင့် အမေရိကန်အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှုသည် လအနည်းငယ်သို့မဟုတ် နှစ်နှင့်ချီကြာမြင့်နိုင်ကြောင်း သိရသည်။



ဇန်နဝါရီ ၄ ရက်က အိမ်ဖြူတော်နှင်းဆီပန်းခြံတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်နေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်နှင့် ဒီမိုကရက်များကြား တံတိုင်းကာရန်ဖို့ကိစ္စ မဖြေရှင်းနိုင်သေးသရွေ့ အစိုးရယန္တရား လည်ပတ်နိုင်မည်မဟုတ်ဘဲ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အိမ်ဖြူတော်နှင်းဆီပန်းခြံတွင် သတင်းထောက်များကို ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

"နယ်စပ်တံတိုင်းကာရံဖို့ အရေးမဖြေရှင်းနိုင်ဘူးဆိုရင် အစိုးရယန္တရားလည်ပတ်မှုများကို ရပ်ဆိုင်းထားပါမယ်။

ဒါဟာ တကယ့်ကို ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါဟာ အမျိုးသားလုံခြုံရေးနဲ့ ဆိုင်တဲ့ ပြဿနာလည်း ဖြစ်ပါတယ်" ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။

တံတိုင်းကာရံရေးကိစ္စ အိမ်ဖြူတော်နှင့် လွှတ်တော်ကြား မပြေလည်သည့်အတွက် အစိုးရယန္တရားလေးပုံတစ်ပုံခန့်ကိုလွန်ခဲ့သည့်လက ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ထရမ့်နှင့် ၎င်း၏ ရီပတ်ဘလစ်ကန်အဖွဲ့များက တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများနှင့် မူးယစ်ဆေးရောင်းဝယ်မှုများကို ကာကွယ်တားဆီးရန် နယ်စပ်တံတိုင်းကာရံရေးကိစ္စသည် မရှိမဖြစ်လုပ်ရမည့် ကိစ္စဖြစ်ကြောင်းပြောကြသလို ဒီမိုကရက်များကလည်း မလိုအပ်ဘဲ အပိုလုပ်ခြင်းဟု ပြောခဲ့သည်။

အစိုးရယန္တရား ပြန်ဖွင့်နိုင်ရေး ဆွေးနွေးမှုများလုပ်ဆောင်ရန် သုံးဦးပါအဖွဲ့ကို အမေရိကန်သမ္မတက ဖွဲ့စည်းထားကြောင်းနှင့် ၎င်းသုံးဦးမှာ အမေရိကန် ဒုတိယသမ္မတမိုက်ပန့်၊ အမိမြေလုံခြုံရေးဝန်ကြီး ကာ့စ်တ်ဂျန်နေးလ်ဆန်၊ အိမ်ဖြူတော်အကြံပေး ဂျရဲလ်ကူးရှ်မားတို့ဖြစ်ကြောင်း သိရသည်။

တံတိုင်းတည်ဆောက်ရေးအတွက် တကယ်လိုအပ်လာခဲ့ပါက လွှတ်တော်၏ အမိန့်မပါဘဲ ၎င်းအနေဖြင့် အရေးပေါ်အာဏာသုံးပြီး တံတိုင်းတည်ဆောက်ဖို့ လုပ်ဆောင်နိုင်တာကိုလည်း စဉ်းစားနေကြောင်း သမ္မတထရမ့်က ပြောသည်။

"ကျွန်တော် စဉ်းစားထားပါတယ်။ ကျွန်တော်လုပ်မယ်ဆို လုပ်လို့ရပါတယ်။ ကျွန်တော့်အနေနဲ့ အရေးပေါ်အခြေအနေကို နိုင်ငံရဲ့လုံခြုံရေးကို အကြောင်းပြုပြီးတော့ ကြေညာနိုင်ပါတယ်။ ကျွန်တော် ဒါကိုလုပ်ချင်ရင် လုပ်နိုင်ပါတယ်" ဟု သမ္မတထရမ့်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အက်ပဲလ်ကုမ္ပဏီကြီး၏ ဝင်ငွေကျဆင်းလာမှုနှင့်အတူ အာရှအစုရှယ်ယာဈေးများ ကျဆင်း

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည့် အက်ပဲလ်ကုမ္ပဏီကြီး၏ ဝင်ငွေကျဆင်းလာမှုနှင့် ခန့်မှန်းဝင်ငွေမှာလည်း ထင်သလောက် ဖြစ်မလာသောကြောင့် အာရှအစုရှယ်ယာဈေးကွက်တွင် ဇန်နဝါရီ ၄ ရက်က ဈေးများ ကျဆင်းခဲ့ကြောင်း သိရသည်။

တိုကျိုဈေးကွက်တွင် နံနက်ပိုင်းအရောင်းအဝယ် ဈေးများကျခဲ့သလို ရှန်ဟိုင်း၊ ဆစ်ဒနီ၊ ဆိုးလ်နှင့် တိုင်ပေတို့၏ အစုရှယ်ယာဈေးကွက်များတွင်လည်း ဈေးများ ကျဆင်းခဲ့ကြောင်း သိရသည်။

အိုင်ဖုန်း၊ အိုင်ပက်စသည့် အက်ပဲလ်လုပ်ပစ္စည်းများ၏ ရောင်းအားသည် တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်လက သိသိသာသာ ကျဆင်းခဲ့ကြောင်း အက်ပဲလ်ကုမ္ပဏီက မကြာသေးမီက ထုတ်ပြန်လိုက်ပြီးနောက် ကမ္ဘာတစ်ဝန်း အစုရှယ်ယာဈေးများ ကျဆင်းခဲ့ကြောင်း သိရသည်။

ယင်းအခြေအနေအပေါ် စီးပွားရေးကျွမ်းကျင်သူများက ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမှုကို ပြသနေခြင်းဖြစ်ကြောင်း ပြောဆိုနေကြပြီး ရင်းနှီးမြှုပ်နှံသူများက အစုရှယ်ယာများကို ထုတ်ရောင်းနေကြသည်။

အမေရိကန် သမ္မတ၏ တရုတ်နှင့်ဖြစ်နေသည့် ကုန်သွယ်ရေးဆိုင်ရာပြဿနာကြောင့် အက်ပဲလ်၏ အနာဂတ်ဝင်ငွေ ကျုံ့သွားနိုင်ခြေရှိသည်ကို အက်ပဲလ်ကုမ္ပဏီက ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# တင်းမာမှုများဖြစ်နေလင့်ကစား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အရှေ့အလယ်ပိုင်းသို့ သွားရောက်မည်

ဝါရှင်တန် ဇန်နဝါရီ ၅

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် လာမည့်သီတင်းပတ်များအတွင်း ဆီးရီးယားနိုင်ငံ၊ အီရန်နိုင်ငံနှင့် ယီမင်နိုင်ငံအရေး ကိစ္စများဆွေးနွေးရန် အရှေ့အလယ်ပိုင်းနိုင်ငံ ရှစ်နိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက သတင်းထုတ်ပြန်လိုက်သည်။**

ပွန်ပီအို၏ ခရီးစဉ်သည် ရှစ်ရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရပြီး ဇန်နဝါရီ ၇ ရက်တွင် အရှေ့အလယ်ပိုင်း ရှစ်နိုင်ငံ ခရီးစဉ်စတင်မည်ဖြစ်ကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ၎င်းသည် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ယီမင်နိုင်ငံ၊ အီရန်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ နှစ်နိုင်ငံနှင့် ဒေသဆိုင်ရာ ဦးစားပေးကိစ္စရပ်များကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် ရောဘတ်ပယ်လာဒီနိုက ပြောသည်။

မိုက်ပွန်ပီအိုသည် ဆော်ဒီနိုင်ငံတွင်ရှိနေစဉ် သတင်းစာဆရာ ဂျမားလ်ခါရှော့ဂီ သေဆုံးမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု နောက်ဆုံးအချက် အလက်များကို ရှာဖွေသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ်က ပြောခဲ့သည်။

ထို့နောက် ပွန်ပီအိုသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ သွားရောက်ပြီး အီဂျစ်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံကာ အီရန်အရေး၊ ပါလက်စတိုင်း-အစ္စရေးအရေးကိစ္စ၊ အကြမ်းဖက်မှုဆန့်ကျင်ရေးနှင့် စီးပွားရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု စသည့်ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပွန်ပီအို၏ ဂျော်ဒန်နိုင်ငံ၊ ဘာရိန်းနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကာတာနိုင်ငံ၊ အိုမန်နိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့သို့ သွားရောက်မည့်ခရီးစဉ်မှာ ဆီးရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းသည့် အမေရိကန်၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက် ဒေသတွင်း တင်းမာမှုများဖြစ်ပေါ်နေစဉ် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။



အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအို ဆော်ဒီအာရေဗျနိုင်ငံ ဘုရင် ဆယ်လ် မင်န်ဘင်အဗ္ဗဒူလာဇစ်အယ်လ်ဆော့နှင့် ၂၀၁၈ခုနှစ် ဧပြီ ၂၉ ရက်က တွေ့ဆုံစဉ်။

သတင်းစာဆရာ ဂျမားလ်ခါရှော့ဂီသည် တူရကီနိုင်ငံရှိ ဆော်ဒီကောင်စစ်ဝန်ရုံးတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလက အသတ်ခံခဲ့ရခြင်းဖြစ်ပြီး အဆိုပါကိစ္စနှင့် ဆက်စပ်မှုရှိသော ဆော်ဒီထိပ်တန်းအရာရှိများ ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပိုလန်၌ မွေးနေ့ပါတီတစ်ခုတွင် ရေပန်းစားနေသော ကစားနည်းတစ်မျိုး ကစားရာမှ ငါးဦးမီးလောင် သေဆုံး

**ဝါဆော ဇန်နဝါရီ ၅**

ပိုလန်နိုင်ငံတွင် အခန်းတွင်းမှ လွတ်မြောက်ခြင်းကစားနည်း ကစားနေစဉ် ဆယ်ကျော်သက် မိန်းကလေးငါးဦး မီးလောင်သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပိုလန်အာဏာပိုင်များက မကြာသေးမီက ပြောကြားခဲ့သည်။ မီးလောင်မှုသည် ပိုလန်နိုင်ငံ အနောက်မြောက်ပိုင်း ကော်ဇလင်မြို့ရှိ အဆောက်အအုံတစ်ခုတွင် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အားကစားနည်းသည် ပိုလန်ဆယ်ကျော်သက်များကြား ရေပန်းအစားဆုံး အားကစားနည်းတစ်မျိုးဖြစ်သည်။

မီးသတ်သမားများက မီးငြိမ်းသတ်ပြီးနောက် သေဆုံးသူ ငါးဦးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အမျိုးသားတစ်ဦးမှာလည်း မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

သေဆုံးသူများသည် အသက် ၁၅ နှစ်အရွယ် မိန်းကလေးများဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ယောက်၏ မွေးနေ့ပါတီတွင် အတူပါဝင်ကစားနေသူများဖြစ်ကြောင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဂျိုအာချင်မ် ဘရုဒ်ဇင်စကီက ဒေသတွင်း မီဒီယာသို့ ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ကော်ဇလင်မြို့တွင် ဇန်နဝါရီ ၆ ရက်ကို ကြေကွဲဝမ်းနည်းဖွယ်ရာနေ့ တစ်နေ့အဖြစ် မြို့တော်ဝန် ပီရော့တာ ဂျက်လင်စကီက ကြေညာခဲ့သည်။ **ဆင်ဟွာ**

### လန်ဒန်ရထားပေါ်တွင် ဖြစ်ပွားခဲ့သည့် ဓားထိုးခံသေဆုံးမှုအပေါ် စုံစမ်းစစ်ဆေး

**လန်ဒန် ဇန်နဝါရီ ၅**

လန်ဒန်ရထားတစ်စင်းသည် ဂီလ်ဖို့ဒ်နှင့် ဝါတာလူးမြို့ကြား ခုတ်မောင်းနေစဉ် ယင်းရထားပေါ်တွင် အသက် ၁၄ နှစ်အရွယ်ရှိ သားဖြစ်သူနှင့်အတူ စီးနင်းလိုက်ပါလာသော အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦး ဓားဖြင့် ရက်စက်စွာ အထိုးခံရပြီး သေဆုံးခဲ့သည့်ဖြစ်စဉ်အပေါ် ဗြိတိန်ရဲတပ်ဖွဲ့က စတင်စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဓားထိုးခံရသည့် ဖြစ်စဉ်အပေါ် မျက်မြင်သက်သေတစ်ဦးက "နေရာတိုင်းမှာ သွေးတွေချည်းပဲ"ဟု ပြောကြားခဲ့သည်။ ထို့အတူ ဓားထိုးခံရသည့် မြင်ကွင်းကို မြင်တွေ့ခဲ့သော ခရီးသွားများက အံ့အားသင့်တုန်လှုပ်ကာ စိတ်လှုပ်ရှားခဲ့ကြောင်း ပြောဆိုခဲ့သည်။

ဓားဖြင့်ထိုးခဲ့သည်ဟု သံသယရှိသူ အမျိုးသားသည် ဟော့စလေးဘူတာ မရောက်မီ လန်ဒန်၌ပင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း ဒေသတွင်း မီဒီယာများ၏ သတင်းဖော်ပြချက်များအရ သိရသည်။ **ဆင်ဟွာ**

# အစိုးရယန္တရားရပ်ဆိုင်းမှုအဆုံးသတ်ရေးမှာ ဒီမိုကရက်တစ်အဖွဲ့ဝင်တွေ ထရမ့်ကို စိန်ခေါ်နေသလား

● ကလျာ ●

**ဒီမိုကရက်တစ်အဖွဲ့ဝင်တွေ ထိန်းချုပ်ထားတဲ့ အမေရိကန်အောက်လွှတ်တော် ကိုယ်စားပြုအဖွဲ့ဝင်တွေဟာ အစိုးရယန္တရားတစ်စိတ်တစ်ပိုင်းရပ်တန့်နေမှုကို အဆုံးသတ်စေဖို့ မဲပေးခဲ့ကြပေမယ့် ဒီလိုလုပ်တာကို သမ္မတထရမ့်က ဗီတိုအာဏာနဲ့ပယ်ချလိုက်တဲ့ သဘောရှိနေပါတယ်။**



အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည့် နန်စီပီလိုစီကို ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

**အထောက်အကူမဖြစ်တဲ့ အရာမှန်သမျှ ကန့်ကွက်မည်**

အမေရိကန် - မက္ကဆီကို နယ်စပ်တံတိုင်းတည်ဆောက်ဖို့နဲ့ ပတ်သက်ပြီး ရန်ပုံငွေခွဲဝေပေးဖို့ အဆိုပြုချက်ကို အထောက်အကူမဖြစ်တဲ့ မည်သည့်လုပ်ဆောင်ချက်မဆို ကန့်ကွက်မယ်လို့ ထရမ့်က ပြတ်ပြတ်သားသား ပြောဆိုထားပါတယ်။

အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပီလိုစီကတော့ ဒီတံတိုင်းဟာ အကျင့်စာရိတ္တ မကောင်းတာကို ကိုယ်စားပြုတဲ့ တံတိုင်းတစ်ခုလို့ အမည်ပေး သတ်မှတ်လိုက်ပါတယ်။

မစ္စတာထရမ့်ဟာ ဒီမိုကရက်တစ်တွေရဲ့ ဆောင်ရွက်မှုကိုမထောက်ခံတဲ့ အပြင် ဒီမိုကရက်တစ်တွေရဲ့ လုပ်ဆောင်ချက်ဟာ လုံးဝအောင်မြင်စရာအကြောင်း မရှိတဲ့လုပ်ဆောင်ချက်ဖြစ်တယ်။ နိုင်ငံရေးပြဿနာ အသေးအဖွဲလေးတစ်ခုသာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**အစိုးရယန္တရား ဘယ်လိုရပ်ဆိုင်းသွားခဲ့သလဲ**

ကွန်ဂရက်လွှတ်တော်နဲ့ သမ္မတထရမ့်တို့ဟာ ဒီဇင်ဘာလအတွင်းမှာ ဘတ်ဂျက်မူကြမ်းတစ်ခုနဲ့ ပတ်သက်ပြီး သဘောတူညီမှု မရရှိရာကနေ အစိုးရယန္တရား (အစိုးရရဲ့ လုပ်ငန်းဆောင်တာ တစ်စိတ်တစ်ပိုင်း) ရပ်တန့်ခဲ့ရပါတယ်။

သမ္မတထရမ့်ရဲ့ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေဟာ နယ်စပ်တံတိုင်းတည်ဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ ငါးဘီလီယံ ရန်ပုံငွေခွဲဝေပေးဖို့ ပါဝင်တဲ့ အဆိုပြုချက်ကို လွှတ်တော်မှာ အတည်ပြုခဲ့ပါတယ်။

အောက်လွှတ်တော်မှာ အတည်ပြုချက်ရရှိခဲ့ပေမယ့် ဆီးနိတ်လွှတ်တော်အတွင်းမှာ အတည်ပြုနိုင်ဖို့လိုအပ်တဲ့ ထောက်ခံမဲ ၆၀ ကိုတော့ ခုထိမရရှိသေးပါဘူး။

**သမ္မတကို တိုက်တွန်း**

ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်အဖွဲ့ဝင်တွေက အောက်လွှတ်တော်ရဲ့ နေရာအများစုကို အနိုင်ရရှိခဲ့ပါတယ်။ အစိုးရယန္တရား ပြန်ဖွင့်ဖို့ သမ္မတကို ကျွန်ုပ်တို့ တိုက်တွန်းတောင်းဆိုနေတယ် ။

ကျွန်ုပ်တို့အနေနဲ့ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေကို yes ဆိုတဲ့အဖြေထွက်လာဖို့ အခွင့်အရေး ပေးထားတယ်လို့ ၎င်းက ပြောပါတယ်။

ကွန်ဂရက်လွှတ်တော် ဒုတိယသက်တမ်းရဲ့ ပထမနေ့ဟာ ကျောင်းစဖွင့်တဲ့ ပထမနေ့လိုပါပဲ။ အသစ်တက်ရောက်လာကြသူတွေဟာ ခန်းမတွေကို ပေးမောမှင်သက်စွာနဲ့ ရှိနေကြတယ်။ လက်ဆွဲနှုတ်ဆက်ပြီး ပြုံးပြကြတယ်။

အခမ်းအနားကျင်းပမှုနဲ့ နေသာတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ လေးကြိမ်မြောက် အချိန်အကြာမြင့်ဆုံး အစိုးရယန္တရားရပ်ဆိုင်းမှုဟာ အမေရိကန်ရဲ့ သမိုင်းကြောင်းမှာ မှတ်တမ်းတစ်ခုဖြစ်လာခဲ့ပြီး ဒီကိစ္စဟာ ကွန်ဂရက်လွှတ်တော်တစ်ခုကနေ နောက်ထပ်လွှတ်တော်အသစ်တစ်ခုဆီအထိ သယ်ဆောင်လာရတဲ့ ကိစ္စဖြစ်ပါတယ်။

အောက်လွှတ်တော် ဒီမိုကရက်တစ်တွေဟာ ကျမ်းသစ္စာဆိုပွဲအခမ်းအနားပြီးတဲ့နောက် နာရီအနည်းငယ်အကြာမှာ အစိုးရယန္တရားရပ်ဆိုင်းမှု ပြီးဆုံးစေဖို့ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ကြဖို့ အစီအစဉ်ရေးဆွဲထားကြတာ ဖြစ်ပါတယ်။

**ရန်ပုံငွေခွဲဝေရေးကို ထရမ့် ဆက်လက်တောင်းဆိုနေ**

ဒါဟာ လွှတ်တော်သစ်တစ်ရပ်ရဲ့ အဖွင့်နိဒါန်းလှုပ်ရှားမှု တစ်ခုလို့ဆိုရမလိုဖြစ်နေပါတယ်။ ဆီးနိတ်လွှတ်တော်အတွင်းက ဒီမိုကရက်တစ်အဖွဲ့ဝင်တွေက ဒေါ်နယ်ထရမ့်အတွက် အထောက်အကူဖြစ်စေမယ့် လုပ်ဆောင်ချက်တွေကိုသာ မဲပေးဖို့ အလေးအနက်ကတိပြုထားကြပြီး သမ္မတထရမ့်ကတော့ နယ်စပ်တံတိုင်းအတွက် ရန်ပုံငွေခွဲဝေရေးကိုသာ ဆက်လက် တောင်းဆိုနေပါတယ်။

လတ်တလောမှာတော့ အစိုးရယန္တရားရပ်ဆိုင်းမယ့် အရိပ်အယောင်ကို မမြင်ရသေးဘူးလို့ ဆီးနိတ်လွှတ်တော်ရဲ့ ဒုတိယသြဇာအရှိဆုံး ဒီမိုကရက်တစ်အဖွဲ့ဝင်ဖြစ်တဲ့ ဒစ်ဒါဘင်က ကြာသပတေးနေ့က ပြောခဲ့ပါတယ်။

ကျွန်ုပ်က လက်တွေ့ကျကျပဲ ရှုမြင်တတ်တဲ့သူ၊ မကောင်းမြင်စိတ်ရှိသူ မဟုတ်ဘူးလို့လည်း ၎င်းက ဆိုပါတယ်။

**အောက်လွှတ်တော်မှာ မဲခွဲ**

ကယ်လီဖိုးနီးယားမှ ဒီမိုကရက်တစ်ကိုယ်စားလှယ် နန်စီပီလိုစီဟာ အောက်လွှတ်တော်ဥက္ကဋ္ဌ အဖြစ် ပြန်လည် ရွေးချယ်ခံလိုက်ရပြီးတဲ့နောက်မှာ အောက်လွှတ်တော် ကိုယ်စားလှယ်တွေက ကြာသပတေးနေ့ညနေမှာ ဘတ်ဂျက်မူကြမ်းကို မဲခွဲဆုံးဖြတ်မှု လုပ်ဆောင်ခဲ့ကြပါတယ်။

အထူးသဖြင့် ကွန်ဂရက်လွှတ်တော်ရဲ့ ဥက္ကဋ္ဌတစ်ဦး ဖြစ်ရတာကို ကျွန်ုပ်ဂုဏ်ယူတယ်။ အမျိုးသမီးတွေ မဲပေးခွင့်ရှိခဲ့တာ အနှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ အထိမ်းအမှတ်တစ်ခုပဲလို့ နန်စီက ပြောကြားခဲ့ပါတယ်။

အိမ်ဖြူတော်မှာ ပထမဆုံးအကြိမ်အဖြစ် စကားပြောဆိုခဲ့တဲ့ ထရမ့်က မစ္စပီလိုစီကို ကြီးကျယ်တဲ့အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ချီးကျူးဂုဏ်ပြုစကားဆိုလိုက်ပြီး ကျွန်ုပ်တို့ အတူတကွလက်တွဲပြီး အလုပ်လုပ်သွားကြရတော့မယ်လို့ ပြောခဲ့ပါတယ်။

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားအတွင်းမှာ ဒီမိုကရက်တစ်ပါတီဝင်တွေ အောင်ပွဲခံချိန်မှာ လူမှုကွန်ရက်မီဒီယာအချို့က လူဖြူအများစု ပါဝင်တဲ့ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေ နည်းပါးလာတာကို အလေးပေး ဖော်ပြခဲ့ကြပါတယ်။

**အရေအတွက်လျော့ကျလာ**

အနောက် ဗာဂျီးနီးယားကို ကိုယ်စားပြုတဲ့ ကာရိုးလ်မီလာဟာ ရီပတ်ဘလစ်ကန် အမျိုးသမီးအဖွဲ့ဝင်သစ်ဖြစ်ပါတယ်။ အောက်လွှတ်တော်အတွင်းမှာရှိတဲ့ ကွန်ဆာဗေးတစ်အမျိုးသမီးအဖွဲ့ဝင် အရေအတွက်ဟာ ၁၃ ဦး ဖြစ်လာခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲတွေ မကျင်းပမီက အမျိုးသမီးအဖွဲ့ဝင် အရေအတွက် ၂၃ ဦး ရှိခဲ့ရာကနေ အရေအတွက် လျော့ကျလာခဲ့တာဖြစ်ပါတယ်။

**အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်ဆိုင်းမှုဆိုတာ**

အစိုးရယန္တရားတစ်စိတ်တစ်ပိုင်းရပ်တန့်သွားတယ်ဆိုတာ အမေရိကန်ပြည်ထောင်စုဖက်ဒရယ်အစိုးရရဲ့ လုပ်ငန်းဆောင်တာ ၂၅ ရာခိုင်နှုန်းလောက်ဟာ ရန်ပုံငွေမရှိဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ရန်ပုံငွေမရှိတာကြောင့် ယန္တရားရပ်ဆိုင်းမှုက ဌာနကိုးခုကို သက်ရောက်ခဲ့ပြီး ပြည်တွင်းလုံခြုံရေး၊ တရားရေး၊ အိုးအိမ်နေရာချထားရေး၊ စိုက်ပျိုးရေး၊ ဘဏ္ဍာရေး၊ ကူးသန်းရောင်းဝယ်ရေးစတဲ့ ဌာနတွေမှာ ဖက်ဒရယ်ဝန်ထမ်း အလုပ်သမား ရှစ်သိန်းလောက်ဟာ ခွင့်ယူထားကြရပါတယ်။

လစာငွေပေးချေမှု မရရှိတဲ့အတွက် ခေတ္တလုပ်ငန်းရပ်ဆိုင်းမှုဖြစ်နေတဲ့ အနေအထားဖြစ်ပြီး အမျိုးသားဥယျာဉ်တွေနဲ့ ပြတိုက်တွေကိုလည်း ပိတ်ထားရတဲ့ အခြေအနေ ဆိုက်ရောက်နေဆဲပါ။

အစိုးရယန္တရား ရပ်ဆိုင်းမှုဟာ လတ်တလောမှာတော့ အဖြေရှာနိုင်ခြင်း မရှိသေးတဲ့ နိုင်ငံရေးပြဿနာတစ်ခုဖြစ်နေပါတယ်။ ။

**ကိုးကား-ဆင်ဟွာ၊ ဘီဘီစီ**

# သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်ရန် ရွှေစင်ရွှေပြားအလှူရှင်များ ရေစက်သွန်းချ အခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး သမိုင်းဝင်ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ရွှေစင်ရွှေပြားအလှူရှင်များနှင့် တစ်သိန်းနှင့် အထက်အလှူရှင်များ၏ ပထမအကြိမ် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်က ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ရင်ပြင်ဘုရားတန်ဆောင်းတွင် ကျင်းပရာ **(ယာပုံ)** ဆရာတော် သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ ဘုရားဂေါပက အဖွဲ့ဝင်များက ဖွင့်လှစ်ပေးခဲ့ပြီး ညောင်ပင်သာကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓိဿတထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ရွှေစင် ရွှေပြားအလှူရှင်များကိုယ်စား ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ရွှေပြားများကို ဆရာတော်များထံ ဆက်ကပ်သည်။

ဆက်လက်ပြီး မောင်းထောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဓိကထံမှ ယနေ့ လှူဒါန်းသော အလှူငွေများနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုမိသားစုက ငွေကျပ်သိန်း ၃၀ အပါအဝင် ဘုရားဂေါပကရုံးသို့ လာရောက်လှူဒါန်းသော အလှူငွေနှင့် ဘုရားရင်ပြင်ရှိ အလှူခံ မဏ္ဍပ်မှရရှိသော အလှူငွေ စုစုပေါင်း ငွေကျပ် ၁၄၈၀ သိန်းကျော်ကို ပထမအကြိမ် လှူဒါန်းမှု အစုစုတို့အတွက် ဝန်ကြီးချုပ်နှင့် ညှိ့ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရွှေသင်္ကန်းကပ်လှူခြင်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လက စတင်ပြီး ဆောင်ရွက်ခဲ့ရာ ယနေ့ချိန်အထိ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးကာ အဆိုပါ လုပ်ငန်းများကို ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၅၃ ပေရှိပြီး စေတီတစ်ခုလုံးအနေဖြင့် နှစ်လက်မပတ်လည် ရွှေဆိုင်း ၆၈၄၈ ဆိုင်းဖြင့်ပြုလုပ်ရန် လျာထားပြီး အထက်ငှက်ပျောဖူးတော်ကို ရွှေစင် ရွှေသားအစစ် ခုနစ်ပိဿာဖြင့် ဆက်ကပ် ပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**



# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဆုပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်

**ပဲခူး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ယမန်နေ့က (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပရာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက လွတ်လပ်ရေးရရှိခဲ့ခြင်းသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကြောင့် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး ရရှိမှသာ လွတ်လပ်ရေး၏ အနှစ်သာရကို ခံစားနိုင်မည်ဖြစ်ကြောင်းနှင့် လူမျိုးတစ်မျိုးနှင့် တစ်မျိုးယုံကြည်မှုရှိရန် လိုအပ်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။




ထို့နောက် ပညာရေးဌာနမှ ဗဟိုအဆင့်ဆုရရှိသူ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၂ ဦး၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရသူ သုံးဦး၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲတွင် ဆုရရှိသူခုနစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူ ၁၁ ဦး၊ ဆွာဆည်ရေပိုလျှံကျိုးပေါက်မှုဖြစ်စဉ်တွင် အသက်ကိုပဓာနမထားဘဲ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော ဗိုလ်မှူးမြတ်စံ (ကွယ်လွန်)၊ လွတ်လပ်ရေးမော်ကွန်းဝင်၊ ရဲဘော်သုံးကျိပ်ဝင် နှစ်ဦးတို့အတွက် ဂုဏ်ပြုမှတ်တမ်းများအား ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ချီးမြှင့်ပေးကြသည်။

**ဟိန်းထက်(ပဲခူး)**

# (၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

**ကျိုက်ဒုံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့၌ ဇန်နဝါရီ ၄ ရက်က အမှတ် ၂ ရပ်ကွက် မြို့မအားကစားကွင်း၌ (၈၁)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် ဒုံးစင်ဖွင့်ပွဲနှင့် ဒုံးယိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံကွယ် ကျေးရွာနယ်ခြားစောင့်တပ်မှ တပ်ရင်းမှူး စောဘလူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**ဒုံးယိမ်းအဖွဲ့များ ယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဒုံးများဖြစ်သော မိတန်ကျေးရွာ၊ မိနန်းအပ် ကျေးရွာ၊ လယ်တောကြီးကျေးရွာ၊ ကွင်းကလေးကျေးရွာ၊ နို့ဘိုးကျေးရွာ၊ ကျုံကွယ် ကျေးရွာနှင့် လှိုင်ကမိန်ကျေးရွာ ဒုံးယိမ်းအဖွဲ့များက လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျိုက်ဒုံမြို့ ကျောင်းသား ကျောင်းသူလေးများကလည်း တိုင်းရင်းသားကဏ္ဍ ဖျော်ဖြေရေးအကများဖြင့် တင်ဆက်ကပြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားကို ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်မည့် (၈၁) နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့တွင် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**

# ဝါးဘိုးတော-ကမမောင်းလမ်းပေါ်ရှိ ချောင်းညီနောင်တံတားဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ဘားအံခရိုင်နှင့် ဖာပွန်ခရိုင်တို့ကို အဓိက ဆက်သွယ်ပေးထားသော ကမမောင်းမြို့ ဝါးဘိုးတော-ကမမောင်းလမ်းပေါ်ရှိ ချောင်းညီနောင်တံတားဖွင့်ပွဲကို ယမန်နေ့က အဆိုပါ တံတားတည်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ရေရှည်တည်တံ့သည့် တံတားတစ်စင်း ဖြစ်လာစေရန် ဒေသခံများအားလုံးတွင် တာဝန်ရှိလာပြီဖြစ်ကြောင်း၊ အားလုံး ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုကြောင်း အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးသိန်းမြင့်မွန်တို့က ယင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သည့် တံတားသည် အရှည် ၉၁ ဒသမ ၄၄ မီတာ၊ အကျယ် ၉ ဒသမ ၁၄ မီတာ၊ လူသွားလမ်း တစ်ဖက်လျှင် ၀ ဒသမ ၉၁ မီတာစီ ပါဝင်သည့် သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းပါဝင်သည့် တံတားအမျိုးအစားဖြစ်ကာ တံတားချဉ်းကပ်လမ်း အပါအဝင် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၁၅၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ အဆိုပါ တံတားကြောင့် ဒေသ၏ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများသည် ထိုတံတားပေါ်မှ ဖြတ်သန်းသွားမည်ဖြစ်သည့်အတွက် ဒေသတွင်းပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အပံ့ ဖြစ်စေမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**ပွင့်ဖြူ ဇန်နဝါရီ ၅**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောသစ်ပင်ပြုန်းတီးမှုကြောင့် ရာသီဉတုပြောင်းလဲမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေး၊ တန်ဖိုးရှိသော သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းလိုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ပွင့်ဖြူမြို့နယ်မှ ရိုးကုန်းကျေးရွာသို့ သွားရောက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

**သစ်တောသစ်ပင်ထိန်းသိမ်း**

အသိပညာပေး ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းထွေးက နိုင်ငံတစ်ဝန်း သစ်တောသစ်ပင် ပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ နှစ်စဉ်ကြုံတွေ့နေရကာ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးအစရှိသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိနိုင်ငံ၊ မိမိမြို့ရွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သစ်တောသစ်ပင်များကို ကာကွယ်ထိန်းသိမ်းသွားကြစေလိုကြောင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲနိုင်ရေး တစ်ချောင်းထိုးမီးဖိုများကို ပြောင်းလဲသုံးစွဲကြစေလိုကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးဟောပြောခဲ့သည်။

**ထင်းအစားထိုး မီးဖိုပေး**

ဟောပြောပွဲအပြီးတွင် မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများအဖွဲ့က ဟောပြောပွဲသို့ လာရောက်သည့် ရိုးကုန်းကျေးရွာမှ ဒေသခံပြည်သူ ၁၀၈ ဦးအား ထင်းအစား လောင်စာအစားထိုး တစ်ချောင်းထိုးမီးဖိုများကို ကံစမ်းမဲစနစ်ဖြင့် မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာကို ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်နေ



**ဝက်လက် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာကို ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ အင်ဒေါင်းကျေးရွာသည် လင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း ရှိနေခြင်းကြောင့် လင်းပိုင်ထိန်းသိမ်းရေး အထောက်အကူပြုရန် ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်းအဖြစ် လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် ဟိုတယ်နှင့် ခရီးသွားဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လင်းပိုင်ထိန်းသိမ်းရေးဇရိယာ အတွင်း ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းပြုလုပ်လျက်ရှိကြောင်း သိရသည်။

"အခု အဆောက်အအုံတွေ ပြီးတာနဲ့ ကျွန်တော်တို့လည်း ခရီးသွားလုပ်ငန်းအတွက် အမြန်စီစဉ်နေပါတယ်။ အဆောက်အအုံပြီးသွားရင်လည်း ခရီးသွားတွေလာဖို့ ခရီးသွားကုမ္ပဏီတွေနဲ့ ချိတ်ရမယ်။ ပြည်တွင်းခရီးသွားကို ဆိုရှယ်မီဒီယာက ကြော်ငြာလို့ရပေမယ့် ပြည်ပ ခရီးသွားကျ ခရီးသွားကုမ္ပဏီတွေနဲ့ ချိတ်ဆက်ရပြီး တဖြည်းဖြည်း သွားရမှာပေါ့" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

လက်ရှိတွင် လင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်းရှိ အင်ဒေါင်းကျေးရွာတွင် ဧရာဝတီလင်းပိုင်ကြည့် ခရီးသွားဧည့်သည်များ ညအိပ်နားနေတည်းခိုနိုင်ရန် တည်းခိုဆောင်များ စတင်ဆောက်လုပ်လျက်ရှိကြောင်း လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

အင်ဒေါင်းကျေးရွာတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် အဆောင် နှစ်ဆောင် ၁၂ ဦးဆံ့နှင့် နားနေဆောင် စုစုပေါင်း အဆောက်အအုံ လေးခု တည်ဆောက်မည်ဖြစ်ကာ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ခရီးသွားလုပ်ငန်းအဖြစ် ယခင်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာခြောက်ရွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာနှစ်ရွာကို တိုးချဲ့ခဲ့ကြောင်း၊ လက်ရှိတွင် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ခရီးသွားလုပ်ငန်းအဖြစ် စုစုပေါင်း ကျေးရွာရှစ်ရွာဖြင့် ကျေးရွာအခြေပြု ခရီးသွားဝန်ဆောင်မှုပေးနေကြောင်း လင်းပိုင်ထိန်းသိမ်းရေး အဖွဲ့တာဝန်ခံ ဦးဟန်ဝင်းက ပြောသည်။

မန္တလေးမှ ဗန်းမော်ဇရိယာတွင် လင်းပိုင်ကောင်ရေ ၇၀ ကျော် ကျက်စားနေထိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း ရှမ်းမြို့ရှိ အရှေ့မြင်အနောက်မြင်တောင် တက်ရောက်

**မိတ္ထီလာ ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းသည် ပေ ၈၀၀၀ ခန့်ရှိသော ရှမ်းမြို့ရှိ အရှေ့မြင်အနောက်မြင် တောင်ကို ဇန်နဝါရီ ၅ ရက်က စတင်တက်ရောက်ခဲ့ကြောင်း မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ သိရသည်။

မိတ္ထီလာမြို့ ခြေလျင်နှင့်တောင်တက်အသင်းသည် "ကမ်းလက်များ" ပရဟိတအသင်းမှ ၂၀၁၄ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့ပြီး စတင်စဉ်က လူအင်အား ၂၀ ဦးခန့်သာရှိရာမှ ယခုအချိန်တွင် ခြေလျင်နှင့်တောင်တက်အသင်းဝင် တစ်နေ့ထက်တစ်နေ့ များပြားလာကြောင်း၊ အသင်းအနေဖြင့် တောင်တစ်တောင်တက်တိုင်း လူအင်အား ၁၅၀ နှင့် ၂၀၀ အကြား တက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပုပ္ပားတောင်၊ မြင်းမထိတောင်၊ ဆင်တောင်၊ ပြက္ခရွေတောင်၊ စိန်ခနောက်မြခနောက်တောင်တို့ကို တက်ရောက်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် ဇန်နဝါရီ ၅ ရက်က ရှမ်းမြို့၌ ပေ ၈၀၀၀ ခန့်မြင့်သော အရှေ့မြင်အနောက်မြင်တောင်ကို တက်ရောက်ပြီး ဖေဖော်ဝါရီလထဲတွင် ဟိုပုန်းမြို့အနီးရှိ မဲနယ်တောင်ကို တက်ရောက်မည်ဖြစ်ကြောင်း၊ ရေခဲတောင်တက်ရန်အတွက် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ ဒေါက်တာမြတ်မင်းနှင့်အဖွဲ့တို့ လေ့ကျင့်ခန်းပြုလုပ်ပြင်ဆင်နေကြောင်း သိရသည်။ မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း သွားရောက်ခဲ့သည့် ဒေသများမှ ဒေသခံများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ နယ်မြေခံများက ကူညီခဲ့ကြကြောင်း၊ ယင်းဒေသများရှိ မဖွံ့ဖြိုးသေးသော စာသင်ကျောင်းများ ပရဟိတအသင်းများကိုသော်လည်းကောင်း၊ ၎င်းတို့အသင်းရရှိသော ထောက်ပံ့ငွေများဖြင့် ပြန်လည်ပံ့ပိုးကူညီခြင်းများကို မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းမှ လုပ်ဆောင်ခဲ့ကြောင်း၊ အသင်းဝင်များ တိုးပွားလာစေရန် အသင်းကြီး အမြဲတိုးတက်လာစေရန်နှင့်လည်း လုပ်ဆောင်နေကြောင်း မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်း အလုပ်အမှုဆောင် ဦးအောင်ကြိုင်က ရှင်းပြခဲ့သည်။



မိတ္ထီလာမြို့ ခြေလျင်နှင့် တောင်တက်အသင်းမှာ လက်ရှိအချိန်တွင် အသင်းဝင်အင်အား ၁၀၀၀ ကျော်အထိ တိုးတက်လာပြီး အထက်မြန်မာပြည်တွင် အင်အားအများဆုံး ခြေလျင်နှင့် တောင်တက်အသင်းဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ရေစကြို မြို့သန့်ရှင်းသာယာလှပရေး မြို့နယ်စည်ပင်မှအမှိုက်ကန်များချပေး

**ရေစကြို ဇန်နဝါရီ ၅**

ရေစကြိုမြို့တွင် မြို့သန့်ရှင်းသာယာလှပရေး ပြည်သူများ၏ ကျန်းမာရေးနှင့်ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းစေရန် ရည်ရွယ်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇန်နဝါရီ ၃ ရက်တွင် အမှိုက်ကန်များ ချထားပေးသည်ကို တွေ့ရသည်။

"မြို့ရဲ့နေရာအနှံ့မှာ ပြည်သူတွေက အမှိုက်တွေကို စည်းကမ်းမဲ့စွာ စွန့်ပစ်ကြတဲ့အတွက် မြို့ရဲ့အလှအပမြို့ရဲ့ ပုံရိပ်ကို ထိခိုက်စေပါတယ်။ ပြီးတော့ အမှိုက်တွေကို နေရာအနှံ့မှာ စည်းကမ်းမဲ့စွန့်ပစ်ကြတဲ့အတွက် ပြည်သူတွေရဲ့ကျန်းမာရေးကိုလည်း ထိခိုက်စေပါတယ်။ ဒါကြောင့် မြို့သန့်ရှင်းသာယာလှပရေး၊ ပြည်သူတွေရဲ့ကျန်းမာရေးနဲ့ စနစ်တကျအမှိုက်စွန့်ပစ်နိုင်အောင် အမှိုက်ကန် ၁၀ ကန်ကို အမှိုက်စွန့်ပစ်မှု အများဆုံးနေရာတွေမှာ စနစ်တကျချပေးထားပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိဦးမြင့်ဟန်က ပြောသည်။

ယခုအခါ မြို့တွင် လူနေထူထပ်လာမှုနှင့်အတူ နေရာအနှံ့တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ခွေးများ၊ ဝက်များကြောင့် အမှိုက်များပျံ့နှံ့ခြင်း၊ အထူးသဖြင့် ချောင်းတွင်းမြစ်အတွင်း အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းပပျောက်စေရန်အတွက် အမှိုက်ကန်များကို စနစ်တကျ ချထားခြင်းဖြစ်ကြောင်း သိရသည်။ **ဖေထွေးဇော်(ရေစကြို)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၉၅/၉၀၀ | ကျပ် | ၈၈၅/၉၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၀၅/၉၁၀ | ကျပ် | ၉၀၀/၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၇၁၀ | ကျပ် | ၇၃၀/၇၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၈၀၀ | ကျပ် | ၈၂၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၄၉ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၈ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၃ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၃၂ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၄ · ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ · ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ · ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၁ · ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ · ၇၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO


မောင်မောင်ဗွတ်
ဘေဘီဗွတ်ကလေး
MGU
သင့်ကြောင့် ပတ်ဝန်းကျင်
မညစ်ညမ်းပါစေနှင့်
အမှိုက်


ကာတွန်း
စမ်းချောင်းကိုကိုအောင်


မိုးဦး
HAPPY BIRTH DAY




စိန်လုံး
သဒ္ဒါ
နိုင်ငံတကာမှာ ခွေးတွေကို လေ့ကျင့်ပေးနေတာ
အားရစရာပဲ စိန်လုံးကိုလည်း။။
အစွမ်းထက်တဲ့ ခွေးကောင်းဖြစ်စေရမယ်
ဒါရယ်..
ကတ်ထူပုံး ယူမယ်..
ကတ်ထူတွေကို ကိုယ်နဲ့လက်မှာပတ်
OK။။
ပြည့်စုံပြီ စလိုက်ကြမယ်..

# လိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် **ဒေါ်ဝင်းမြင့်** မန်နေဂျင်းဒါရိုက်တာ (Royal Pansay Co.,Ltd ) အား **သီရိသုဓမ္မသီင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ရှေးအနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သော မိသားစုနှင့်အတူ နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်ခင်ပွန်း | - | ဦးကျော်မြင့် (သူရဲကောင်းမှတ်တမ်းဝင်၊ ခိုလုံလီရှော တိုင်းရင်းသားဥက္ကဋ္ဌနှင့် ပင်လုံညီလာခံ ကိုယ်စားလှယ်) |
| ချစ်သမီးကြီး | - | မသီတာဦး-သမက် ကိုကျိန်တာ (Hot Pot King) |
| ချစ်သားကြီး | - | ကိုညဏ်လင်းဦး (ပန်းဆေးပြည်သူ့စစ်ခေါင်းဆောင်)-ချွေးမ မအားဟုန် |
| ချစ်သားလတ် | - | ကိုဇော်လင်းဦး (Director,Royal Pan Say Co.,Ltd)-ချွေးမ Ooi Chuan Mei @ Jee Syn |
| ချစ်သားငယ် | - | ကိုထွန်းလင်း (Director,Royal Pansay Co.,Ltd) |
| ချစ်မြေးမကြီး | - | Victoria@ Vi Vi (Grade 5,ISY) |
| ချစ်မြေးကြီး | - | Victor @ Lu Lu (Grade 1,MIS) |
| ချစ်မြေးငယ် | - | Jaron @ ရန်မင်းကျယ် (Gymboree) |

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် မြန်မာစီးပွားဆက်လုပ်ငန်းစုဥက္ကဋ္ဌ ဦးအောင်စိုးသာ၏ဇနီး ဒုတိယဥက္ကဋ္ဌ **ဒေါ်ခိုင်ပြည့်စုံကြိုင်** အား (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် **သီဟသုဓမ္မသီင်္ဂီဘွဲ့**တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**ချစ်ခင်ပွန်း ဦးအောင်စိုးသာနှင့်**
**မြန်မာစီးပွားဆက်လုပ်ငန်းစုမိသားစုများ**

## ပုပ္ပားစကားဝါမြေ ဆရာတော်အား အထူးကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်ခြင်း

ပုပ္ပားစကားဝါမြေ **ဆရာတော် ဘဒ္ဒန္တပညာဝံသ**အား ၂၀၁၇ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့၌ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ပတ္တနားမြို့၊ LALIT NARAYAN MITHILA UNIVERSITY မှ **ဓမ္မပါရဂူ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့**တံဆိပ်တော် ချီးမြှင့်ဆက်ကပ်ခံရ၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ၌ **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခံရ၍လည်းကောင်း အထူးပင်ကြည်ညိုလေးစား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ-**

၁။ ကိုစိုးဝင်း-မဖြူဖြူကျော် (ရတနာတိုး ဆောက်လုပ်ရေး)သီရိမြိုင်(၂)လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်။
၂။ ကိုမြတ်မင်းလှိုင်-မသိန်းသိန်း (မော်တော်ယာဉ်ရောင်းဝယ်ရေး)၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
၃။ ဦးကံသိန်း-ဒေါ်ခင်သန်းနုမိသားစု (ကားဝပ်ရှော့လုပ်ငန်း)မဟာဆွေလမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်။
၄။ ဦးသိန်းဝင်း-ဒေါ်သီတာ (မော်တော်ယာဉ်ရောင်းဝယ်ရေး)၊ မာလာမြိုင်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။
၅။ ဒေါ်သန်းခင် မိသားစု (ကံကော်ဦးဖိနပ်ဆိုင်)၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။
၆။ ဒေါ်စောတင်၊ သမီး မသီဂီချို မိသားစု (ချိုရတနာရွှေဆိုင်)၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။
၇။ ဒေါ်ခင်ယုမေ၊ ဒေါ်သန်းသန်းဌေး (ရတနာမေစတိုး)၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။
၈။ ဒေါ်စိုးစိုး၊ ဒေါ်မွန်မွန် မိသားစု၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်။
၉။ ဒေါ်သံလုံး မိသားစု၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။
၁၀။ ဦးစိုးသန်း-ဒေါ်ခင်စန်းယဉ် (ယဉ်နုရွှေဆိုင်) ကျောက်ပန်းတောင်းမြို့။

## လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ ခုနှစ် (၇၁)မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် သုဓမ္မမဏိဇောတဓရ **ဦးကျော်ဌေး**၊ မန်နေဂျင်းဒါရိုက်တာ(ဆုထူးပန် ကျောက်မျက်ကုမ္ပဏီ)အား **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ရှေ့အနာဂတ်တွင်လည်း ဆက်လက်၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိုင်ငံနှင့် လူမျိုး ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမြင့်လွင်-ဒေါ်ရီရီမော်မိသားစု**
**(ပြည့်စုံပရိဘောဂ၊ နေပြည်တော်၊ လယ်ဝေးမြို့)**

**မိခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက(ခွဲ)ရှမ်းဒိုးတန်းကျောင်း၊ နဝမတန်း(A)မှ မမေသကြ်ာနိုး၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်မော် ၇/ကတခ(နိုင်)၀၉၂၃၇၂ ဖြစ်ပါသည်။ **ဒေါ်မြင့်မြင့်မော်**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့်

## (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်

## ဦးကျော်ဝေယျ (Managing Director)

## Diamond Wall Construction Co., Ltd.

အား **"သီဟသုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ အမျိုး ဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Diamond Wall Construction Co., Ltd.**
**ကုမ္ပဏီဝန်ထမ်းများ(နေပြည်တော်)**

# ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

မော်လမြိုင်မြို့၊ အမှတ်(၄)အထက ဂုဏ်ထူးဆောင်နာယက၊ စေတနာ့မီးအိမ် ပညာရေး ဖောင်ဒေးရှင်းနာယကဖြစ်သူ ချစ်သူငယ်ချင်း **ဒေါ်ဝေဝေ**သည် ၄-၁-၂၀၁၉ရက် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရမှချီးမြှင့်သည့် **သီဟသုဓမ္မသီရီ**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါသည်။ အမျိုး၊ ဘာသာ၊ သာသနာတိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်ပါစေ။

အသက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာပြီးလိုရာဆန္ဒ ပြည့်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စေတနာ့မီးအိမ် ပညာရေးဖောင်ဒေးရှင်းအဖွဲ့**

## မွန်ပြည်နယ်၊ သထုံမြို့၊ အထက(၁) မြတ်ဆရာပူဇော်ပွဲ

သထုံမြို့၊ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၉ ရက် (စနေနေ့)ညနေ ၃ နာရီတွင် သထုံမြို့ အထက(၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့**

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက(ခွဲ)ရှမ်းဒိုးတန်းကျောင်း၊ နဝမတန်း(A)မှ မနှင်းဝေဝေခိုင်၊ ဆဋ္ဌမတန်းမှ မခမ်းပိုတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၇/ကတခ(နိုင်)၀၈၂၄၃၆ ဖြစ်ပါသည်။ **ဦးမင်းမင်းထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၅၉၀၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထင်အောင်လင်း ၁၄/ဟသတ(နိုင်)၀၃၄၉၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသာတ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/4011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**




- ပရိုမိုးရှင်းကာလအတွင်း ထောဘီဖုန်းဘေလ် ဝယ်ယူသူတိုင်းအတွက် နေ့စဉ် ရွှေဒင်္ဂါး (၅) ပြား၊ စုစုပေါင်း (၁၄၀) ပြား မဲဖောက်ပေးသွားမည်ဖြစ်ပါသည်။
- အထူးဆုအဖြစ် Toyota Vios ကားသစ်ကြီးတစ်စီး မဲဖောက်ပေးသွားမည်ဖြစ်ပါသည်။
- ပရိုမိုးရှင်းကာလမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အထိ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

# ဖော်ပြပါပစ္စည်းများကို စီမံခန့်ခွဲမှုရပ်ဆိုင်းပေးရန် ဦးကာစင်စူရတီ ၁၂/ဗဟန(နိုင်)၀၀၀၁၈၈နှင့် အများသိစေရန် ၉-၁၂-၂၀၁၈ရက်စွဲပါ ကြေညာချက်ကို ၂၀-၁၂-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂၁-၁၂-၂၀၁၈ရက်ထုတ် ကြေးမုံသတင်းစာများပါ ပြန်လည်ရှင်းလင်းကြေညာချက်အပေါ် ဖြစ်ရပ်မှန်ဥပဒေအချက်အလက်များဖြင့် အများသိရှိရန် အပြီးသတ်ထပ်မံရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်ဦး ၁၃/တခလ(နိုင်)၀၁၉၀၉၅၊ MR ALIBHAM ကိုယ်စားလှယ်လွှဲစာရသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်ဦး၏ညွှန်ကြားချက်အရ ကြေညာခဲ့သောပစ္စည်းများသည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၂၁၅၅/၁၉၂၈၊ မှတ်ပုံတင်သည့်ရက် ၂၅-၁၀-၁၉၂၈၊ မှတ်ပုံတင်စာချုပ်အမှတ် ၁၂၁၂/၁၉၂၈ စာချုပ်လုပ်သည့် ရက်စွဲ ၂၁-၆-၁၉၂၈တို့အရ ပိုင်ဆိုင်မှုပစ္စည်းများအပြင် အခြားသောမှတ်ပုံတင်စာချုပ်ဖြင့် မိသားစုကုမ္ပဏီပိုင်စာချုပ်များဖြင့် ရန်ကုန်မြို့တွင်းရှိ ပစ္စည်းများကို တရားဝင်ပိုင်ဆိုင်ခဲ့ကြောင်း ဦးကာစင်စူရတီ၏ညွှန်ကြားချက်အရ ကြေညာသော ပြန်လည်ရှင်းလင်းကြေညာချက်တွင်ငြင်းဆိုထားခြင်းမရှိပါ။

လွန်ခဲ့သော ၁၉၂၈ခုနှစ်ကတည်းက အမွေရှင် Mohammed Ismail Ariff သည် မိမိ၏အမည်ဖြင့် ကုမ္ပဏီတည်ထောင်ကာ ရန်ကုန်မြို့ရှိ မရွှေ့မပြောင်းနိုင်သော မြေများကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ မိသားစုအပိုင်အဖြစ်ထားရှိကာ နောင်လာနောက်သားများအတွက် စာချုပ်စာတမ်းဖြင့် စီမံထားရှိခဲ့ပြီးဖြစ်ပါသည်။ အမွေရှင် Mohammed Ismail Ariff တွင် သမီးနှစ်ဦးမွေးဖွားခဲ့ပါသည်။ (၁)အိုင်ရှာဘီဘီစူရတီ AISHABIBI SURTEE နှင့် အမီနာဘီဘီ AMINABIBI တို့နှစ်ဦးဖြစ်ကြကာ သမီးကြီးအိုင်ရှာဘီဘီမှ မွေးဖွားလာသူ သားသမီး၀ါးဦးရှိသည့်အနက် MR ALIBHAM ၏မိခင် SAINATBIBI SURTEE (ကွယ်လွန်)သူနှင့် ဦးကာစင်စူရတီတို့မှာ သားနှင့်သမီးများဖြစ်ကြ၍ MR ALIBHAM နှင့် ဦးကာစင်စူရတီမှာ တူနှင့်ဦးလေးဆွေမျိုးတော်စပ်သူများဖြစ်ကြပါသည်။ ပိုမိုရှင်းလင်းသိရှိနိုင်ရန်အတွက် အမွေဆင်းသက်ပုံဇယားကို အောက်ပါအတိုင်း ဖော်ပြပါသည်။

**မိုဟမ္မ(ဒ်)အီစ်မာအီ(လ်)အာရစ်(ဖ်) (အမွေရှင်)**

**(၁) အိုင်ရှာဘီဘီစူရတီ (သမီး)**

| | | | | |
|---|---|---|---|---|
| ဇူဘေဒါနန | ရာကွတ်စူရတီ | ဟာဇဒါစူရတီ | ဖိုင်နက်ဗ်စူရတီ | ကာစင်စူရတီ |
| (ကွယ်လွန်) | (သားသမီး ၅ဦး) | (သားသမီးမရှိ) | (ကွယ်လွန်) | (သားသမီး၃ဦး) |
| အရွတ်ဘ်နန | | | အလီဘန်း | ရိုကီရာ |
| စူရီရနန | | | | ဟက်ဖ်ဆ |
| အာမက်နန | | | | အာမက် |

**(၂) အမီနာဘီဘီ (သမီး)**

| | | | | |
|---|---|---|---|---|
| မက်မု(ဒ်) | ရာဘီရာဘီဘီ | ဘီလ်ကစ်(စ်) | အဘူဘကရ် | မွန်း(န်)ဘီဘီ |
| ဟန်စီရာ | (ဦးရာကွတ်၏ဇနီး) | (သားသမီး၂ဦး) | ဟန်ရူ | (သားသမီး၃ဦး) |
| (ကွယ်လွန်) | စူရတီ | | | ရိုကီရာ |
| | | | (သားသမီး ၂ဦး) | ဟက်ဖက်ဆ |
| (သားသမီးမရှိ) | | အမင်၊ ဖတီမ | အမီနာ၊ အိုင်ရှာ | အာမက်စူရတီ |

ကွယ်လွန်သူ SAINATBIBI SURTEE သည် အမွေဆက်ခံခွင့်အပြည့်အဝရှိသည့်အပြင် မိမိကိုယ်တိုင်လည်း ရှယ်ယာထည့်ဝင်ထားသူတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်ထံညွှန်ကြားပြောဆိုခဲ့ပါသည်။ ဦးကာစင်စူရတီသည် ရှင်းလင်းကြေညာချက်တွင်ပါရှိသော ၁၉၉၅ ခုနှစ်တွင် Mohammed Ismail Ariff Co.,Ltd ကိုပြန်လည်ဖွဲ့စည်းသည်ဟုဆိုရာတွင် မိမိပိုင်ပစ္စည်းများကို အခြေခံခြင်း မဟုတ်ဘဲ အမွေရှင်ဖြစ်သူ၏ အမည်နှင့် ပစ္စည်းများကို အခြေခံရယူကာ ကုမ္ပဏီကိုဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ဦးကာစင်စူရတီသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအပေါ် စီမံခန့်ခွဲခွင့်လျှောက်ထားရာတွင် အမွေရှင်ဖြစ်သူ၏ ပိုင်ဆိုင်ခဲ့သော ပစ္စည်းများကို စီမံခန့်ခွဲခွင့်ပြုပါရန်နှင့် ၎င်း၏ရှင်းလင်းကြေညာချက်ပါ ဦးဆောင်ခဲ့သူ AISHABIBI SURTEE ၏သမီး၏ကုမ္ပဏီတွင်အချိုးကျပိုင်ဆိုင်ခွင့်ကို မည်သည့်နည်းနှင့်မျှ ပယ်ဖျောက်နိုင်ခြင်းမပြုနိုင်သကဲ့သို့ ရှယ်ယာဝင်ထားသောအခွင့်အရေးကိုလည်း ပစ်ပယ်၍မရနိုင်ကြောင်း သိရှိထားသူဖြစ်ပါလျက် ရှင်းလင်းကြေညာရာတွင် MR ALI BHAM နှင့် မိခင် SAINATBIBI SURTEE (ကွယ်လွန်)၏ အခွင့်အရေးများအား ထိမ်ချန်၍ ညွှန်ကြားချက်ပေးခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ထံညွှန်ကြားလာပါသည်။

အထက်တွင်ဖော်ပြသော အမွေဆက်ခံခွင့်ရှိသည့် ဇယားတွင်ပါရှိသူများသည်လည်း အမွေရှင် Mohammed Ismail Ariff ၏ အမွေကိုဆက်ခံခွင့်ရှိသလို ကုမ္ပဏီတွင် ထည့်ဝင်ထားသည့်အစုရှယ်ယာ အချိုးအဆအတိုင်း ခံစားခွင့်ရှိသူများဖြစ်ကြပါသည်။ MR ALI BHAM သည် မြန်မာနိုင်ငံတွင် ၉-၅-၁၉၅၉ ခုနှစ်၌ အမှတ် (21/A), TAMWE ROAD, 92 EDWARD STREET, တွင်နေထိုင်ခဲ့သူဖြစ်ပါသည်။ မွေးဖွားပြီးသည့်နောက်ပိုင်းမှ အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့ရသူဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်၍ အမွေဆက်ခံခွင့်မရှိပါဟု ကြေညာထားချက်သည် တည်ဆဲဥပဒေတစ်ခုဖြစ်သော ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ၊ အခန်း (၂) ပုဒ်မ ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

၆။နိုင်ငံခြားသားတစ်ဦး ကွယ်လွန်လျှင်ဖြစ်စေ၊ မည်သူမဆို နိုင်ငံခြားသို့အပြီးအပိုင်ထွက်ခွာသွားလျှင်ဖြစ်စေ၊ ပြည်နှင်ဒဏ်ချမှတ်ခြင်းခံရလျှင်ဖြစ်စေ ထိုသူပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က)ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်းကို အတိအလင်းပါရှိသော်လည်း ရှင်းလင်းကြေညာချက်၌ MR ALI BHAM သည် အမွေဆက်ခံခွင့်တစ်ဦးမဟုတ်သကဲ့သို့ ဖော်ပြပါရှိသည်မှာ ဥပဒေပြဋ္ဌာန်းချက်မဟုတ်ဘဲ မိမိအလိုရှိရာဆွဲယူတွေးခေါ်၍ကြေညာနေခြင်းသာဖြစ်ပါသည်။

ကျွန်ုပ်တို့ကြေညာခဲ့သော သတင်းစာ၌ပါရှိသည့် ကြေညာချက်၌ ရန်ကုန်မြို့မှတ်ပုံတင်ရုံးတွင်ရှိသော မှတ်ပုံတင်စာအုပ်အတွဲ၊ စာမျက်နှာ၊ ခုနှစ်တို့ကိုလည်း အသေးစိတ်ထည့်သွင်းထားပါသည်။ အဆိုပါစာချုပ်များတွင် MR ALI BHAM ၏မိခင်က ကုမ္ပဏီတွင် အစုရှယ်ယာ ပိုင်ဆိုင်မှုရှိပါသဖြင့် ကျွန်ုပ်တို့၏ ကြေညာချက်တွင်ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံးနှင့် ကြည့်မြင်တိုင် SURATI BARRA BAZZAR COMPANY LTD. ပုဇွန်တောင် BARRA BAZZAR COMPANY LTD. တို့သည် MR ALI BHAM အမွေဆက်ခံခွင့်ရှိသူနှင့်မိခင်၏ အစုရှယ်ယာဆက်ခံခွင့်ရှိသူ၏ သဘောဆန္ဒမပါဘဲ ဦးကာစင်စူရတီက ၎င်း၏မိသားစုပိုင်အဖြစ် ပြောင်းလဲ၍ ငွေကြေးများရယူခြင်း၊ အဆောက်အအုံဆောက်လုပ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အမှန်အတိုင်းတင်ပြခြင်းမရှိဘဲ တိုက်ခန်းများကိုလွှဲပြောင်းရောင်းချထုခွဲခြင်း ပြုလုပ်နေခြင်းကြောင့် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အသိပေးအကြောင်းကြားကန့်ကွက်ကြောင်းစာများကို တရားဝင်ပေးပို့ထားပြီးဖြစ်ပါသည်။ ဦးကာစင်စူရတီကလည်း သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) တို့သို့လည်းကောင်း ကန့်ကွက်အကြောင်းကြားစာများ ပေးပို့ခြင်းပြုထားရပါသည်။ ဦးကာစင်စူရတီ၏ ဂုဏ်သိက္ခာကို တစ်စုံတစ်ရာထိခိုက်ခြင်းမရှိဘဲအထက်ပါအတိုင်း မိသားစုအမွေဆက်ခံခြင်းဇယားဖော်ပြချက်အရ ဦးကာစင်စူရတီသည် အမွေရှင်၏ မြေးတစ်ဦးအဖြစ် ဆက်ခံခွင့်ရှိသူတစ်ဦးဖြစ်သလို အမွေရှင်၏မြေးတစ်ဦးတော်စပ်သူ SAINATBIBI SURTEE (ကွယ်လွန်)၏ အမွေဆက်ခံခွင့်နှင့် အစုရှယ်ယာပိုင်ဆိုင်ခွင့်တို့ကို MR ALI BHAM သည်လည်း ခံစားခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း ဖြစ်ရပ်မှန်အတိုင်း ပြန်ရှင်းကြေညာမှုကို ထည့်သွင်းရခြင်းဖြစ်ပါသည်။

အမှန်အတိုင်း ကြေညာခြင်းဖြစ်၍ ဦးကာစင်စူရတီ၏ ဂုဏ်သိက္ခာကို ထိခိုက်ပါသည်ဆိုသော ပြန်လည်ရှင်းလင်းကြေညာချက်သည် မှန်ကန်မှုမရှိ၍လည်းကောင်း၊ အမွေဆက်ခံခွင့်ရှိသူတစ်ဦး၏ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်အရလည်းကောင်း၊ MR ALI BHAM ၏ ကိုယ်စားလှယ်စာရသူဦးမြင့်ဦး၏ ၉-၁၂-၂၀၁၈ရက်စွဲပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် အကြောင်းမရှိပါ။ ဥပဒေအရ ဆောင်ရွက်ခြင်းပြုလာလျှင်လည်း ဖြစ်ရပ်မှန်နှင့် စကားပြောခြင်းမရှိသော စာရွက်စာတမ်းအထောက်အထားများကို အခြေပြု၍ တရားရုံးအဆင့်ဆင့်ကျေလည်စွာ ထုချေဖြေရှင်းသွားမည့်အပြင် အမွေဆက်ခံခွင့်နှင့် အစုရှယ်ယာပိုင်ဆိုင်မှုဆက်ခံခွင့်တို့အား တည်ဆဲဥပဒေအရ ဆောင်ရွက်ခြင်းပြုသွားရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ညှိနှိုင်းရန်ခေါ်ယူခဲ့သည်မှာလည်း တူဖြစ်သူနှင့် ဦးလေးဖြစ်သူတို့အကြား မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရန်နှင့် အမှတ် ၇၂၊ ၃၁လမ်း၊ လိုင်းယွန်း-ပရင့်တင်း- ခြသေ့်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည့် ၁၉၂၄ခုနှစ်/၁၉၄၈ဟု ဖော်ပြထားသော သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းစာမျက်နှာ (၆)တွင် အစုရှယ်ယာကို အမြဲတမ်းပိုင်ခွင့်ဖော်ပြထားချက်အားလည်း ကျွန်ုပ်တို့ထံ ပြသညွှန်ကြားသဖြင့် တွေ့မြင်သိရှိထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုများပြား၍ နစ်ဖက်ပြဿနာဖြစ်လျှင် မလိုလားအပ်သော ဆုံးရှုံးမှုများ၊ နစ်နာမှုများ မဖြစ်စေရန်အတွက် ကြေညာခြင်းဖြစ်ပြီး အကျိုးစီးပွားထိခိုက်နစ်နာမှုဖြစ်ပေါ်လာလျှင် ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြစ်စဉ်ဖြစ်ရပ်မှန်ကို အများသိစေရန် နောက်ထပ်ကြေညာခြင်းပြုရန် အကြောင်းမရှိတော့ပါသဖြင့် အပြီးသတ်ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ထွေး** | **ဒေါ်ခင်စန္ဒာဝင်း** |
| **စဉ်-၂၈၁၅** | **စဉ်-၄၆၈၄၃** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၇၄၀၆**

ပဓာနနာယကဆရာကြီး

**ဒေါ်ပညာစာရီ**

**(သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ)**

**သက်တော်(၇၁)နှစ်၊ သိက္ခာတော် (၆၂)ဝါ**

ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်၊ သီပေါမြို့ ရွှေမောင်းသီလရှင်စာသင်တိုက်၊ တန့်ယန်းမြို့ ရွှေမောင်းသီလရှင်ပရဟိတကျောင်းတို့၌ နေထိုင်တော်မူသော ဆရာကြီး ဒေါ်ပညာစာရီသည် (၁၃၈၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်) ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်သို့ နေ့ချင်းပင့်ဆောင်သွားခဲ့ပြီး သီလရှင်ဆရာကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့် နှစ်၊ ပြာသိုလပြည့်ကျော် ၂ရက်) ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့ (၈)မိုင် ထုံးကိုသုသာန်၌ ဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးမောင်မောင်ကလေး B.A,B.L ဝါရင့်တရားလွှတ်တော်ရှေ့နေကြီး၊ ရန်ကုန်ရှေ့နေအသင်း၏ သက်ကြီးကန်တော့ခံဆရာကြီး အသက် (၁၀၀)သည် ၁-၁-၂၀၁၉ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာကြီး၏ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်ရှေ့နေအသင်း**
**အလုပ်အမှုဆောင်အဖွဲ့**
**ဖုန်း-၀၁-၃၇၆၄၈၁**

---

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ရွာနေ မောင်ဇော်ကိုဦး ၅/ဒပယ(နိုင်)၀၉၅၆၂၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၆၁၂၃၄၆**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ရွာနေ မောင်ဇာနည်စိုး ၅/ဒပယ(နိုင်)၀၉၅၆၁၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၅၃၈၈၆၅**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာနေ မောင်ဇော်မျိုးအောင် ၅/ဒပယ(နိုင်) ၀၈၉၆၅၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၅၁၀၉၄၄**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ရွာနေ မောင်သန့်ဇင်အောင် ၅/ဒပယ(နိုင်) ၁၃၅၃၆၃ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၇၈၇၂၃၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သူရိန်မြင့် ၁၂/ဒပန(နိုင်)၀၅၄၉၄၆ သည် နိုင်ငံကူးလက်မှတ် (M-048933) ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၁၉၅၁၉၁**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8429 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/9534 Toyota Corolla Fielder NZE 12 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၅/ဆလက(နိုင်)၀၄၆၂၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဦးပိုင်အမှတ် ၁၄၀၊ ဧရိယာ ၀ဒသမ၀၉၆ဧကအား ဦးဇော်နိုင်(ဘ) ဦးသက်ထွန်း ၉/တကန(နိုင်)၀၀၁၆၉၀မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ် ၄၇၉/၂၀၁၈ အရပ်ကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး၊ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ် ၆/၂ သလ္လာမြို့သစ်၊ ဦးပိုင်အမှတ် (၃၀ လမ်း ၂၂)၊ ဧရိယာ ၀ဒသမ၀၅၇ဧကရှိ မြေကို ဦးဝင်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မော်လမြိုင်ခရိုင်တရားရုံး**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇**

| | | | |
|---|---|---|---|
| ၁။ ဒေါ်ရာစီယာဘီ | နှင့် | ၁။ | ဦးအဒူကာဒယ် |
| ၂။ ဒေါ်ဖာတမာဘီ | | ၂။ | ဦးနူရ်ကရင် |
| ၃။ ဒေါ်အရှာဘီ | | ၃။ | ဦးနူရ်မာမက် |
| | | ၄။ | ဦးအီစမိုင် |
| | | ၅။ | ဦးအဒူအာလီ |
| **တရားလိုများ** | | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာနေ အမှတ် ၂ တရားပြိုင် ဦးနူရ်ကရင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ရာစီယာဘီပါ ၃ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၅ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အေးမွန်စမ်း)**

**ဒုတိယခရိုင်တရားသူကြီး (၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

# သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ

# ဆရာကြီး ဒေါ်ပညာစာရီ

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြန်နန္ဒာရပ်၊ ရပ်ကွက်ကြီး(၁၀)၊ ရွှေစေတီရိပ်သာခွဲ၊ ဇယန်းသာသနရက္ခိတာသီလရှင်စာသင်တိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ ရပ်ကွက်(၅)၊ ရွှေမောင်းသာသနဝေပုလ္လသီလရှင်သင်ပညာရေးကျောင်း၊ သီပေါမြို့၊ လွယ်မုပ်တောင်၊ ရွှေမောင်းသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ သပြေရိုးကျေးရွာ၊ ရွှေမောင်းမဏိရတနာသီလရှင်စာသင်တိုက်၊ တိုက်(၄)တိုက်တို့၏ ဦးစီးပဓာန နာယက ဩဝါဒါစရိယဆရာကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ သမဂ္ဂဒါယီ သီလရှင်အဖွဲ့နာယက**

**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့၊ ဇယန်းကြီးရွာမနေ ခမည်းတော်တာကောင်းမှု-မယ်တော်ယာကောင်းမှုတို့၏သမီးတော်၊ ဇယန်းကြီးရွာမနေ (ဦးအောင်ဆာ)၊ ဦးစံအေး(ပြင်ဦးလွင်မြို့)၊ (ဦးအောင်စိန်)၊ ဦးထွန်းမြတ်(ဇယန်းရွာမ)၊ ဦးကျော်ပွင့်၊ ဆရာကြီး ဒေါ်ဥတ္တရာထေရီ(သီပေါ)တို့၏ညီမ၊ ဆရာကြီး ဒေါ်ဝိမလညာဏီ(ပြင်ဦးလွင်)၏အစ်မ၊ ပြင်ဦးလွင်မြို့၊ ဇယန်းကျောင်းတိုက်အုပ် ဆရာကြီး ဒေါ်ပဝရသိင်္ဂီ၊ ဒေါ်စန္ဒာသီရိတို့၏အဒေါ်၊ ဒေါ်ဘဒ္ဒဝတီ(သီပေါ)၊ ဒေါ်စန္ဒမာလာ(ပြင်ဦးလွင်)တို့၏ အဘွားသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ရက်) ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆း၅၀နာရီတွင် ဘဝနတ်နန်းသို့ ကူးပြောင်းစံမြန်းသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ရက်) ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့၊ ဇယန်းသီလရှင်စာသင်တိုက်မှ (၈)မိုင် သုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဆရာ၊ တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများ**

---

## ဒေါက်တာသန်းထွဋ်

**(T.H.O၊ ငြိမ်း)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့နေ (ဦးလှိုင်ဖေ-ဒေါ်သန်းစု)တို့၏သား၊ (ဦးခင်စိုး)-ဒေါ်ရင်နုတို့၏သားသမက်၊ ဒေါ်အေးအေးခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာညာဏ်လင်းဇော်- ဒေါက်တာမြတ်စုခိုင်၊ မစုသစ္စာခိုင် (DAIWA Institute of Research .Co.,Ltd-Tokyo)၊ မောင်ဇွဲသီဟကျော်(OKKAR THIRI Co., Ltd )တို့၏ချစ်လှစွာသောဖခင်သည် ၄-၁-၂၀၁၉ရက် ည ၉း၂၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ် ၈/စီ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သော်တာဝင်း ၈/အလန(နိုင်)၁၇၁၂၀၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တောင်တွင်းကြီးမြို့နယ်တရားရုံးတော်၌**

**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၂**

| | | |
|---|---|---|
| မခင်ဆွေလဲ့(ခ)မဇာခြည်လင်း | နှင့် | ကိုဇော်မျိုးနိုင်(ခ)ကိုဇော်ကြီး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ (ယခုနေရပ်လိပ်စာမသိ)တရားပြိုင် ကိုဇော်မျိုးနိုင်(ခ)ကိုဇော်ကြီး သိစေရမည်။

သင့်အပေါ်၌ တရားလို ခင်ဆွေလဲ့(ခ)မဇာခြည်လင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၉ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၄ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်တွင်းကြီးမြို့နယ်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက် (ခ) မုဒုံကလေးရပ်ကွက်၊ အကွက်အမှတ် (၅)နေ ဒေါ်စောရှင် ၁၀/သဖရ(နိုင်)၀၁၂၄၄၄ ၏သမီး မအေးမြင့် ၁၀/သဖရ(နိုင်) ၀၁၇၀၅၀သည် မိဘ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သွေးတစ်သားသမီး အဖြစ် သတ်မှတ်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်မယူပါ။)

**ဒေါ်စောရှင်**
**၁၀/သဖရ(နိုင်)၀၁၂၄၄၄**

---

## ဒေါ်ရှု

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၈၁(က)နေ (ဦးချွန်)၏ဇနီး၊ (ဦးဝင်းမောင်)၊ (ဦးအုံးခိုင်-ဒေါ်ကျင်လှိုင်)၊ ဦးမောင်ကြိုင်၊ (ဦးကြင်ထွေး)-ဒေါ်သိန်းသိန်းမြင့်၊ (ဒေါ်စန်းမြင့်)၊ ဦးယူကီတင်း-ဒေါ်စမ်းစမ်းအေး၊ ဦးဝင်းကျော်-ဒေါ်ချိုချိုဝင်း(စင်ကာပူ)၊ ဦးဌေးဝင်း၊ ဦးသန်းဝင်း-ဒေါ်နီနီမာတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၈ယောက်၊ မြစ်၁၀ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၉ရက်(သောကြာနေ့) ည ၇ နာရီတွင် စင်ကာပူနိုင်ငံ (Boon Lay)၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ရက်တွင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

**ဒေါ်ဆွေဆွေမြင့် (စစ်ကိုင်း)**

**(အထက-၂၄၊ မန္တလေး၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)**

**(၆-၁-၂၀၁၈)-(၆-၁-၂၀၁၉)**

ကျေးဇူးရှင်မိခင်ကြီး မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၆-၁-၂၀၁၉ ရက်တွင် (၁)နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ် နေ့တိုင်း အောက်မေ့သတိရလျက်ပါ-

မိခင်ကြီးအားရည်စူး၍ သားသမီးများမှ ကောင်းမှုကုသိုလ်များ အမြဲပြုလုပ်ပေးလျက်ရှိပါသည်။ အမေ ကောင်းရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျေးဇူးရှင်မိခင်ကြီး အမျှ-အမျှ-အမျှ

**ကျန်ရစ်သူသားသမီးမြေးများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲ ၃၃၄၂ ရဲမှူး စိုင်းဘိုဟန် အသက်(၅၃)နှစ်နှင့် လ-၁၇၀၁၁၈ ဒုရဲအုပ်မြင့်လွင် အသက်(၄၆)နှစ်တို့သည် ၄-၁-၂၀၁၉ ရက်တွင် ဘူးသီးတောင်မြို့နယ်အတွင်း၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်များ ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးနှင့် ဇနီး**

**ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာစွမ်းပကားစက်မှုကုမ္ပဏီလီမိတက်(MMIC)မှ အထွေထွေမန်နေဂျာ ဦးဗိုလ်ကျော်ကျော်သိန်းဝင်း၏ဖခင် ဦးဇော်ဝင်းသည် ၄-၁-၂၀၁၉ ရက် ည ၉း၄၈ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MD နှင့် ဝန်ထမ်းများ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မပပဝင်း ၈/အလန(နိုင်) ၁၇၈၂၁၁၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၇၀၅၉၃၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၉ရက်ထုတ် စာမျက်နှာ ၂၂ ပါ ခင်ရတနာ လုပ်ငန်းစုနှင့် အများသိစေရန် ကြော်ငြာတွင် ဒေါ်ငြိမ်း(ခ) ခင်ရတနာ အစား ဒေါ်ငြိမ့်(ခ)ခင်ရတနာ ၁၂/ကမရ(နိုင်)၀၄၉၈၈၃ဟု ပြင်ဆင်ဖတ်ရှုပါရန်

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မျိုးဦး ၈/အလန(နိုင်)၁၀၄၆၄၈၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီတဂူဦးဟန် (ရွှေတောင်မြို့)

**BA.BL တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**

**သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး**

**ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

**ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ**

**မန္တလေးမြို့ မလွန်ဆန်လျှာအသင်းကြီး၏ အောက်မြန်မာပြည်တာဝန်ခံ**

**ပန်းဘဲတန်းမြို့နယ် မလွန်ဆန်လျှာအသင်းထောက်ဥက္ကဋ္ဌကြီး**

**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက**

**အသက်(၉၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ (ဦးဘမို-ဒေါ်ဒေါ်ရှင်)တို့၏သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏သားသမက်၊ (ဦးတင်-ဒေါ်လှလှ)၊ (ဦးခိုင်-ဒေါ်အေးစိန်)၊ (ဦးအုန်း-ဒေါ်တင်တင်)၊ (ဦးမြသန်း-ဒေါ်ခင်ခင်)တို့၏ညီမောင်၊ (ဦးသိန်း-ဒေါ်စိန်ရီ)၊ဒေါ်ညိုညိုတို့၏အစ်ကို၊ (ဒေါ်မြယဉ်၊ ဒေါ်ခင်နု)တို့၏ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း(တရားလွှတ်တော်ရှေ့နေ-ဒေါ်ခင်ဆွေဝင်း(ရက္ခ/ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင်(ဓာတုအင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာ သက်သက်ထား၊ ဒေါက်တာသက်သက်လင်း၊ မိမွန်အောင်၊ ဝတ်ရည်အောင်၊ ဇေလတ်အောင်၊ ဟန်ဇော်အောင်၊ ဒေါက်တာဟန်ထွဋ်အောင်၊ အာကာအောင်တို့၏အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၁-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်တွင် သရဏဂုံတင်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီတဂူဦးဟန် BA.BL၊

**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ် (ရွှေတောင်မြို့)**

**သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့၊ သက်တော်ရှည်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌကြီး**

**ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

**ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဂေါပကအဖွဲ့ဥက္ကဋ္ဌ**

**မန္တလေးမြို့၊ မလွန်ဈေးဆန်လျှာအသင်းကြီး၏ အောက်မြန်မာပြည်တာဝန်ခံ**

**ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လျှာသင်းထောက်ဥက္ကဋ္ဌကြီး**

**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နာယက**

**အသက်(၉၅)နှစ်သည်**

၄-၁-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လျှာအသင်းကြီး**
**မန္တလေးမြို့**

---

### ဦးစိုးမင်း(ကျောက်တံခါး)

**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးဘိုကြီး)-ဒေါ်သန်းသန်း(အောင်ချမ်းသာဆေးဆိုင်)တို့၏သား၊ ဦးဘုန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးတိုးဝင်း)-ဒေါ်လှသန်း၊ ဦးစိုးဝင်း-ဒေါ်ခင်သစ်၊ ဦးနိုင်ဝင်း-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်၊ မြေးခြောက်ယောက်တို့၏ ဘကြီးသည် ၅-၁-၂၀၁၉ ရက်(စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျွန်းကုန်းတောရကျောင်း ဝေနေယျသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးသိုက်မျိုးဝင်း

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ မြသီတာလမ်း၊ အမှတ် ၁၀ နေ ဦးခင်ဇော်ဝင်း-ဒေါ်ခင်မျိုးမြင့်တို့၏သား၊ ကိုထိုက်လင်းဝင်း-မအိအိမွန်၊ မထားယုဝင်း-ကိုကျော်ဇင်မြင့်တို့၏အစ်ကို၊ မသံသာနှင်းအိဖြူ (ရန်ကင်း ပညာရေးလေ့ကျင့်ရေးကျောင်း၊ ဒုတိယတန်း-ဂ)၏ ဖခင်၊ ဒေါ်နှင်းမာလာဖြူ (Nielsanimmrd)၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်မြင့်ရီ(ခ)ဒေါ်ဖွားကြီး (ကျောက်တန်း)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၅၁၊ ၄ဝါလမ်းနေ ဦးကျင်မောင်၏ဇနီး၊ ဦးမောင်မောင်-ဒေါ်ခင်ခင်ဆွေ၊ ဦးကြီးရှိန်-ဒေါ်တင့်တင့်၊ ဦးခင်မောင်စိုး၊ ဦးအုန်းဝင်း-ဒေါ်နန့်ပါမလာထွန်း၊ (ဒေါ်မေမေသန်း)၊ ဦးအုန်းလင်း၊ ဦးထွန်းဝင်း-ဒေါ်သန်းသန်းတင့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးခင်မောင် (ဆက်သွယ်ရေး)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဇေယျာဝတီရေတပ်စခန်းဌာနချုပ်၊ ဇေယျာမြိုင်လမ်း၊ အမှတ် ၇နေ (ဦးမောင်ချိန်-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်ခင်သိုက်၏ ခင်ပွန်း၊ (ဦးမြင့်လွင်)၊ ဦးမျိုးလွင်-ဒေါ်ငွေရှင်၊ ဦးဝင်းမြင့်-(ဒေါ်ခင်နှင်းလွင်)၊ ဒေါ်အေးအေးဟန်၊ ဗိုလ်မှူးချုပ်ထိန်ဝင်း(တပ်မတော်-ရေ)-ဗိုလ်ကြီးဒေါ်သီတာလွင်(ငြိမ်း)၊ ဒေါ်စန္ဒာလွင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၅-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၉ ရက်(သောကြာနေ့)နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အမှတ် ၇၊ ဇေယျာမြိုင်လမ်း၊ ဇေယျာဝတီရေတပ်စခန်းဌာနချုပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသောင်းရှိန် (ချောက်မြို့) အသက်(၈၁)နှစ်

**(အလုပ်သမားဝန်ကြီးဌာန၊ ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် ၂၅၊ အခန်း ၂၁နေ (ဦးလှ-ဒေါ်သန်း)တို့၏သား၊ ဒေါ်ဝင်းမြ၏ခင်ပွန်း၊ ဦးသောင်းထိန်-ဒေါ်မော်မော်၊ ဦးကျော်မျိုးဝင်း-ဒေါ်မြင့်မြင့်ကြည်၊ (ဦးဇော်ဝင်း)-ဒေါ်ထားထားတင်တို့၏အစ်ကို၊ (ဦးဝဏ္ဏဝင်းရှိန်)၊ဦးသီဟဝင်းရှိန်-ဒေါ်တင့်တင့်ခိုင်၊ ဒေါ်ဖြူဖြူဝင်းရှိန်(လေကြောင်းဦးစီးဌာန)၊ ဒေါ်မူမူဝင်းရှိန်(ရေကြောင်းကောလိပ်)၊ ဦးအာယုဝင်းရှိန်တို့၏ဖခင်သည် ၄-၁-၂၀၁၉ ရက် (သောကြာနေ့)နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီတဂူဦးဟန် (ရွှေတောင်)

**ပန်းဘဲတန်းမြို့နယ်မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၏**

**ဂေါပကဥက္ကဋ္ဌကြီး**

**အသက်(၉၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ (ဦးဘမို-ဒေါ်ဒေါ်ရှင်)တို့၏သား၊ (ဦးကျော်-ဒေါ်တင့်)တို့၏သားသမက်၊ (ဒေါ်မြယဉ်)(ဒေါ်ခင်နု)တို့၏ခင်ပွန်း၊ ဒေါက်တာကံထွန်း-ဒေါက်တာခင်ဆွေလှဲ့၊ ဦးအောင်သန်း(တရားလွှတ်တော်ရှေ့-ဒေါ်ခင်ဆွေဝင်း(ရက္ခ/ငြိမ်း)၊ ဒေါ်မိမိဟန်၊ ဦးအောင်(တွဲ/ဖက်အတွင်းရေးမှူး)(ဓာတု အင်ဂျင်နီယာ)-ဒေါ်ကေသီဝင်းတို့၏ဖခင် သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဂေါပကအဖွဲ့
မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မဟာသဒ္ဓမ္မဇောတိကဓဇ**

## သီတဂူဦးဟန် BA.BL

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(ရွှေတောင်မြို့)**

**အသက်(၉၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ (ဦးဘမို-ဒေါ်ဒေါ်ရှင်)တို့၏သား၊ (ဒေါ်မြယဉ်၊ ဒေါ်ခင်နု)တို့၏ခင်ပွန်း၊ သားသမီးလေးယောက်တို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီး သီတဂူဦးဟန်သည် ၄-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမြသန်း**
**အဓိပတိ၊ အဘိဓမ္မတက္ကသိုလ်**
**ဆရာ၊ ဆရာများ၊ကော်မတီဝင်များ**
**ရုံးအဖွဲ့ဝင်များနှင့်ကျောင်းသားကျောင်းသူများ**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ-

**လ ၁၃၇၂၃၃ ရဲတပ်ကြပ်ကြီးတင်ထွန်းအောင်၊ အသက်(၅၄)နှစ်**
**လ ၁၆၇၂၆၄ ရဲတပ်ကြပ်မျိုးမြင့်၊ အသက်(၄၄)နှစ်**
**လ ၁၇၅၄၉၅ ရဲတပ်ကြပ် မန်လျှမ်ဇမ်း၊ အသက်(၄၁)နှစ်**
**လ ၂၁၁၁၂၂ ရဲဒုတပ်ကြပ် အောင်ဌေး၊ အသက်(၃၄)နှစ်**
**လ ၂၅၃၄၅၈ ရဲဒုတပ်ကြပ် ထွန်းလှ၊ အသက်(၂၇)နှစ်**
**လ ၂၃၃၂၁၈ ရဲတပ်သားသန့်ဇင်မင်း၊ အသက်(၂၇)နှစ်**
**လ ၂၅၈၇၅၇ ရဲတပ်သားဂိုးခန့်ပေါင်၊ အသက်(၂၂)နှစ်**
**လ ၂၆၁၄၂၈ ရဲတပ်သားသန်းရွှေဦး၊ အသက်(၂၁)နှစ်**
**လ ၂၇၀၅၁၀ ရဲတပ်သားကိုကိုလတ်၊ အသက်(၂၁)နှစ်**
**လ ၂၇၄၅၇၅ ရဲတပ်သားမြတ်ကျော်ငြိမ်း၊ အသက်(၂၀)နှစ်**
**လ ၂၇၄၅၉၉ ရဲတပ်သားဖားဖာ့၊ အသက်(၂၂)နှစ်**

တို့သည် ၄-၁-၂၀၁၉ ရက်တွင် ဘူးသီးတောင်မြို့နယ်အတွင်း၌ လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးနှင့်ဇနီး**
**ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## ဦးကြည်ဟန်

**ဒုစာရင်းကိုင်ချုပ်(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၂ လမ်း၊ အမှတ် ၃၄ နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးမျိုးမြင့်(ရေစက်မိသားစု Co., Ltd.)-ဒေါ်သီသီဟန် (KBZ Bank)၊ ဒေါ်ယဉ်ယဉ်ဟန်၊ ဦးသိန်းထွဋ်-ဒေါ်မြတ်မြတ်နွယ်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ (ဦးတင်စိုးနိုင်)-ဒေါ်မိုးမိုးစံ(SPA FMI Co., Ltd)တို့၏ဖခင်၊ မအေးဖြူဖြူမြင့်၊ မောင်အောင်မျိုးဆန်း၊ မောင်လင်းထွဋ်အောင်တို့၏ အဘိုးသည် ၄-၁-၂၀၁၉ ရက်(သောကြာနေ့)ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး

### ဦးဇော်ဝင်း အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ(ဦးလှမြင့်-ဒေါ်သန်းဆွေ)တို့၏သား၊ တာချီလိတ်မြို့နေ(ဦးစိန်ဝင်းကြည်-ဒေါ်လှိုင်ကင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် ၄၉၊ ပထမထပ်နေ ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ချိန်မေဟွာ၏ခင်ပွန်း၊ ဒေါ်အေးပပဝင်း-ဦးမြတ်ဇော်မင်း၊ ဦးဗိုလ်ကျော်ကျော်သိန်းဝင်း-ဒေါ်စန္ဒာလွင်၊ ဒေါ်အေးကြည်စမ်း-ဦးအောင်ညီညီတို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်ကောင်းစည်သာ၊ မောင်မြတ်သူကို၊ မောင်ဘုန်းမြတ်သူ၊ မောင်လင်းမြတ်မင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၄-၁-၂၀၁၉ရက် ည ၉း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၉ ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

### ဒေါ်ဌေးဌေးဝင်း (ခရမ်း)

**အသက်(၇၀)**

ခရမ်းမြို့၊ စနေလမ်းနေ ဦးအောင်ညွန့်-ဒေါ်သိန်းဟန်တို့၏သမီး၊ အမှတ် ၂၆၇/ ၇၊ ချမ်းမြေ့သာယာ ၂ လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဗိုလ်မှူးမောင်ကြည်(ငြိမ်း)၏ဇနီး၊ ဦးကောင်းစံလင်း-ဒေါ်ဆွေဇင်ဦးကြည်၊ ဦးအောင်ခိုင်ထွေး၊ ဒေါ်အေးမိုးမိုးကြည်တို့၏မိခင်၊ မောင်သုတလင်း၊ မောင်ကောင်းခန့်၊ မသီရိသံစဉ်တို့၏အဘွားသည် ၄-၁-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတေဇနိယ

**သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ကျွန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တတေဇနိယအရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၃-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၂ ရက်) ၇-၁-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်၌ သာဓုကီဠနပူဇာ သဘင် ဆင်ယင်ကျင်းပပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ကာ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**စျာပနဖြစ်မြောက်ရေးကော်မတီ**
**ကျွန်းတောကျောင်းတိုက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး**

### ဒေါ်မာလာရွှေ (အထက-၁၊ ကြည့်မြင်တိုင်)

**အသက်(၅၉)နှစ်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းထွဋ်နှင့်ဇနီး ဒေါ်နီလာဖေတို့၏အစ်မ ဒေါ်မာလာရွှေ အသက်(၅၉)နှစ်သည် ၄-၁-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

---

### ဒေါ်ခင်တင့် (ကသာစာတိုက်၊ ငြိမ်း)

**ယုဝတီကလောင်ရှင်သလ္လာခင်လေး**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံအိမ်ရာ၊ ရတနာပုံ ၅လမ်း၊ အမှတ် ၃၉၀နေ ဦးကြည်တင်၏ဇနီး၊ ဒေါ်လှဲ့လှဲ့ကြည်၊ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးကြည်၊ ဦးအောင်မျိုး-ဒေါ်ခင်သန်းဝင်း၊ ဦးမျိုးသက်-ဒေါ်ဌေးဌေးဖဲ၊ ဗိုလ်မှူးလှိုင်မိုးစန်(ငြိမ်း)-ဒေါ်ဌေးဌေးကြည်၊ ဦးစိုးသူ-ဒေါ်ကြည်ကြည်အေးတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၁-၂၀၁၉ရက် နံနက် ၀၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး

### ဒေါ်ခင်လှဲ့လှဲ့ဟန် (စီးပွားရေးတက္ကသိုလ်)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် (၃၃/D) နေ (ဦးဘဟန်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးဆင့်-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီးဝင်းဟန်(ငြိမ်း)-ဒေါ်ဖြူဖြူတို့၏ညီမ၊ ဦးဌေးကျော်-ဒေါက်တာခိုင်ကေသီဟန်တို့၏ အစ်မ၊ (ဦးမြင့်လွင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်လွင်ဦး (AMPW Technology & Machinary Co.,Ltd)၊ ဦးကျော်မင်းလွင်(Chief Officer)၊ ဦးအောင်ဝင်းလွင် (Master Mariner )-ဒေါ်ယမုံအေး(ပြည့်ပြည့်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သန့်ထူးလွင်(ဒုတိယတန်း-B၊ အထက-၁၊ ဒဂုံ)၏အဘွားသည် ၂-၁-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်လှလှဝေ

**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ(ဦးမောင်လှိုင်-ဒေါ်အေးမြ)တို့၏သမီး၊ မော်စက်ရပ်ကွက်နေ(ဦးလှရွှေ-ဒေါ်လှ)တို့၏ချွေးမ၊ ဦးလှသိန်း-(ဒေါ်သီတာ)၊ ဦးလှမြင့်-ဒေါ်လှလှခင်တို့၏ညီမ၊ ဦးသန်းထွေး-ဒေါ်စန်းစန်းဝေ၊ ဦးဝင်းထိန်-(ဒေါ်ခင်မာဝေ)၊ ဦးအောင်မြင့်-ဒေါ်နီနီဝေ၊ ဦးထွန်းထွန်းဝေ၊ ဦးမျိုးမြင့်-ဒေါ်ယုကို၊ ဒေါ်ညိုညိုလှိုင်၊ ဒေါ်ခင်မိုးမိုးလှိုင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် ၄၊ ပထမထပ်နေ ဦးကျော်ရင်၏ဇနီး၊ မထက်ဝေဝေကျော်၊ မဇင်သူဇာကျော်တို့၏ချစ်လှစွာသောမိခင်၊ တူ၊ တူမ ၁၇ယောက်တို့၏အဒေါ်သည် ၅-၁-၂၀၁၉ ရက်(စနေနေ့) နံနက် ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံမိုဝေ VOA (မြန်မာပိုင်း)

**(AFP Internews RFA ပြည်ပရောက်**

**မြန်မာသတင်းသမဂ္ဂ BMA အတွင်းရေးမှူးဟောင်း)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၇၁၊ သာသနာ့ရိပ်သာလမ်းနေ (ဦးစံဝေ- ဒေါ်ခင်လှ)တို့၏သား၊ ဦးဆန်နီဝေ-ဒေါ်ချယ်ရီ၊ ဦးဆန်နိုဝေ(ခ)ဦးတင်မောင်ဝင်း- ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်မိုးဝေ၊ (ဒေါ်ခင်မိုးဝေ)-ဦးစိုးဝင်း၊ ဦးစံညိုဝေ-ဒေါ်သီတာရွှေ၊ ဦးစံပိုဝေ(Miraco Co,)-ဒေါ်မြင့်မြင့်အေးတို့၏ညီ/မောင်၊ (ဒေါ်စုစုဝေ)၊ (ဒေါ်သန့်သန့်ထူးဝေ-ဦးထွန်းနိုင်)တို့၏အစ်ကို၊ တူ တူမ ၁၁ ယောက်တို့၏ ဦးလေး၊ ဒေါက်တာထူးတင့်ဝေ-မောင်သန့်ဇင်၊ သန့်သုဝေ (Marine Engineer)၊ Simon Sonmo Wai တို့၏ချစ်လှစွာသောဖခင်၊ (ဒေါ်စန္ဒာဦး)၊ ဒေါ်သီင်္ဂီထိုက် (VOA USA)၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၁-၂၀၁၉ ရက် (အင်္ဂါနေ့) ဝါရှင်တန်စံတော်ချိန် ညနေ ၃း၁၅ နာရီတွင် အမေရိကန်ပြည်ထောင်စု၊ Maryland Suburban Hospital ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၉ရက် (တနင်္လာနေ့)နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆိုင်ကလုန်းမုန်တိုင်း “ပါဘက်” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေး

**နေပြည်တော်  ဇန်နဝါရီ ၅**

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ပါဘက်”သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၉၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အရှေ့တောင်ဘက် မိုင် ၃၄၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယားမြို့၏ အရှေ့တောင်ဘက် မိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း“ပါဘက်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ပါဘက်”သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၉ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၇ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ ❑

## ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးစီးအဖွဲ့ မောင်တောဒေသသို့ သွားရောက်မည်

**နေပြည်တော်  ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခု တိုက်ခိုက်ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးစီးသည့်အဖွဲ့သည် ဘူးသီးတောင်၊ မောင်တောသို့ ဇန်နဝါရီ ၆ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ ဦးမျိုးမြင့်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ လိုက်ပါသွားမည်ဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားသော နေရာများသို့ သွားရောက်စစ်ဆေးကာ လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့နှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာ ၁၅ ဦး ပါဝင်သော အဖွဲ့တို့လည်း လိုက်ပါသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ နိုင်ငံတကာပြိုင်ပွဲများအတွက် လေးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်မည်

**ရန်ကုန်  ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အောက်တိုဘာလတွင် ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်ကို ခန့်အပ်ခဲ့ပြီး ၎င်း၏အစီအစဉ်ဖြင့် လေးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းလေးနှစ်အတွင်း မြန်မာ့လက်ရွေးစင်အသင်း အပါအဝင် လူငယ်လက်ရွေးစင် အသင်းများမှာ နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသင်းများနည်းပြခန့်အပ်ခြင်း အပါအဝင် လေ့ကျင့်ပြင်ဆင်မည့် အစီအစဉ်များကို တစ်ပါတည်း ရေးဆွဲထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လေးနှစ်တာစီမံကိန်းများကို ဇန်နဝါရီ ၁၆ ရက်တွင် MFF ရုံး၌ ကျင်းပမည့် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ကြညာမည်ဖြစ်သည်။ လက်ရှိတွင် MFF သည် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးအသင်းအပါအဝင် ယူ-၂၂ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသားအသင်း၊ ယူ-၁၅ အမျိုးသားအသင်း၊ ယူ-၁၉ အမျိုးသမီးအသင်း၊ ယူ-၁၆ အမျိုးသမီးအသင်းတို့ကို ဖွဲ့စည်းထားသည်။

လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနည်းပြချုပ်သစ်ကိုလည်း ယခုလအတွင်း ခန့်အပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မကြာမီ ကြေညာမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ပါဘက်အပူပိုင်းမုန်တိုင်း အနီးဆုံးဖြတ်သန်းရာ ကော့သောင်းမြို့အခြေအနေ တည်ငြိမ်အေးချမ်းလျက်ရှိ



**ကော့သောင်း  ဇန်နဝါရီ ၅**

အပူပိုင်းမုန်တိုင်း “ပါဘက်” ဖြတ်သန်းရာလမ်းကြောင်းနှင့် အနီးဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့တွင် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် လေအနည်းငယ်တိုက်ခတ်နေပြီး မိုးဖွဲဖွဲ ဆက်တိုက်ရွာသွန်းနေသည်မှလွဲ၍ အေးချမ်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရသည်။

**ရာသီဥတုအခြေအနေဆိုးရွားမှုမရှိ**

မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ၏ နှိုးဆော်အသိပေးချက်များအရ မြို့မှ ဆိပ်ကမ်းတံတား၊ ဘုရင့်နောင်တံတားနှင့် ဘုရင့်နောင်အမှတ်(၂) တံတားတို့တွင် ဆိုက်ကပ်ရပ်နားထားသည့် စက်လှေများ၊ ငါးဖမ်းလှေငယ်များ ဘေးကင်းရာသို့ ရွှေ့ပြောင်းထားပြီး ကော့သောင်း-ရနောင်း ကူးသန်းသွားလာသည့် ကူးတို့ပဲ့ချိတ်လှေငယ်များ၊ ခရီးသွားလုပ်ငန်းသုံး အမြန်ရေယာဉ်များအားလုံး ထွက်ခွာခြင်း မပြုကြဘဲ ဆိုက်ကပ် ရပ်နားထားကြကြောင်း၊ ထိုင်း- မြန်မာ နယ်စပ်ဖြတ်သန်းမှုအား နှစ်နိုင်ငံ စစ်ဆေးရေးဂိတ်များ အသီးသီး ပိတ်ထားပြီး ကူးတို့လှေများ ထွက်ခွာဖြတ်သန်းခွင့်မပြုကြောင်း၊ ယနေ့သည် အစိုးရရုံးများ၊ ကျောင်းများပိတ်ရက်ဖြစ်ရာ ကျောင်းသား ကျောင်းသူများနှင့် မြို့နေပြည်သူများ မြို့တွင်းသွားလာမှု နည်းပါးသည်မှလွဲ၍ ကော့သောင်းမြို့၏ ရာသီဥတုအခြေအနေမှာ ဆိုးရွားမှုမရှိကြောင်း သိရသည်။

**ပုံမှန်လှုပ်ရှားသွားလာ**

မွန်းလွဲပိုင်းတွင် မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော် အတွင်းသို့ ရောက်ရှိတိုက်ခတ်လျက်ရှိရာ မုန်တိုင်းနှင့် အနီးဆုံးဖြစ်သည့် ကော့သောင်းမြို့၌ မိုးအုံ့ညို့မှိုင်းလျက် လေတိုက်နှုန်းနှင့် မိုးရွာသွန်းမှု သိသာစွာလျော့နည်းသွားပြီး ရာသီဥတုအခြေအနေမှာ စိုးရိမ်ဖွယ်ရာ မတွေ့ရသော်လည်း မုန်တိုင်း၏ နောက်ဆက်တွဲသတင်းများကို မြို့နေပြည်သူများ သတိပြု၍ ပုံမှန်လှုပ်ရှားသွားလာနေကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

